# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။
Established in 1914
**Myanma Alinn Daily**
အတွဲ (၅၄) အမှတ် (၁၈၆)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် | ၂၀၁၅ ခုနှစ်၊ ဧပြီ ၄ ရက်၊ စနေနေ့။


**သုသိက္ခိတ ဝိနယမင်္ဂလာ**

စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာသင်ယူခြင်း၊
လိုက်နာကျင့်သုံးခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။

# တီထွင်ကြံဆမှုများသည် မြန်မာနိုင်ငံသားများအတွက်သာမက ကမ္ဘာ့လူသားအားလုံးအတွက်ပါ ရည်ရွယ်ဆောင်ရွက်ကြရမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နည်းပညာပိုင်းဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်း၊စာ-၈) (သတင်းစဉ်)

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အပေါ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သတင်းထုတ်ပြန်ချက်

စာမျက်နှာ ❖ ၅

## တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးစွာအထောက်အပံ့ပေးနိုင်တဲ့ ငြိမ်းချမ်းရေးအချက်ပေးသံ

စာမျက်နှာ ❖ ၃

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ထပ်မံခန့်အပ်တာဝန်ပေး

စာမျက်နှာ ❖ ၉




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စည်းလုံးညီညွတ်ခြင်း၏ ပုံရိပ်

ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့အား အေးအေးချမ်းချမ်း နေထိုင်လိုသောဆန္ဒမှာ မြန်မာပြည်သူတစ်ရပ်လုံး၏ ဆန္ဒပင် ဖြစ်ပါသည်။ မြန်မာလူမျိုးများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အလျောက် ပင်ကိုဗီဇအားဖြင့် ငြိမ်းချမ်းစွာနေထိုင်လိုကြသူများဖြစ်ကြပါသည်။ မည်သည့်ဒေသ၊ မည်သည့်မြို့ရွာတို့၌မဆို တည်ငြိမ်အေးချမ်းစေလိုပါသည်။ စစ်မက်ဖြစ်ပွားခြင်းကို အလိုမရှိကြပါ။ အားလုံးသည် ငြိမ်းချမ်းစေလိုပါသည်။ တည်ငြိမ်အေးချမ်းပြီး ဒေသအားလုံး ကြီးပွားတိုးတက်စေလိုပါသည်။ ယခုတော့ ပြည်သူတစ်ရပ်လုံး၏ ပြင်းပြသော ငြိမ်းချမ်းရေးဆန္ဒသည် အမှန်တကယ်ပြည့်ဝလာတော့မည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က မတ်လကုန် ရေဒီယိုမိန့်ခွန်းတွင် " ဒီကနေ့ အချိန်မှာတော့ ကာလရှည်ကြာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို အဆုံးသတ်ရပ်စဲပြီး နိုင်ငံရေးအရဖြေရှင်းနိုင်ဖို့အတွက် အရေးအကြီးဆုံးမှတ်တိုင်တစ်ခုဖြစ်တဲ့ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ဖို့အတွက် စာချုပ်ပါအချက်အလက်များအားလုံးကို သဘောတူညီမှုရရှိသွားပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်ပါ အချက်အလက်များအားလုံးကို ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့ အပြန်အလှန်အတည်ပြုချက်ရယူပြီး သဘောတူညီထားကြောင်း၊ ပဏာမအဆင့် လက်မှတ်ရေးထိုးပွဲကို ကျွန်တော်ကိုယ်တိုင် တက်ရောက်အသိအမှတ်ပြုခဲ့ပါတယ်။ များမကြာမီကာလအနည်းငယ်အတွင်းမှာပဲ နှစ်ဖက်ဆွေးနွေးဖက်များ သဘောတူ အတည်ပြုထားတဲ့ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်တော့မှာဖြစ်တဲ့အကြောင်းလည်း ငြိမ်းချမ်းရေးကို စိတ်ဆန္ဒပြင်းပြစွာလိုလားတောင့်တနေကြတဲ့ ပြည်သူများထံ သတင်းကောင်းပါးလိုပါတယ်။ ခက်ခဲတဲ့အကျပ်အတည်းတွေကို ကျော်လွှားပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို ဦးတည်တဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းကြီးကို ဖွင့်လှစ်နိုင်ပြီလည်းဖြစ်ပါတယ်" ဟု ပြောကြားပါသည်။

ဤသို့ ငြိမ်းချမ်းရေးတံခါးဖွင့်လှစ်နိုင်ခြင်းသည် လွယ်လွယ်ကူကူ ဆောင်ရွက်နိုင်ခဲ့ခြင်းမဟုတ်ပါ။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ပါဝင်ဆွေးနွေးသူ ခေါင်းဆောင်တစ်ဦးချင်းစီနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပေါ်ပေါက်လာသော အခက်အခဲများကို စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့် လေးစားမှုတို့ကိုအခြေခံပြီး ရရှိလာသော အကျိုးရလဒ်ပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စည်းလုံးညီညွတ်ခြင်း၏ ပုံရိပ်ပင်ဖြစ်ပါသည်။ မတူညီမှုများကို ဖယ်ရှားပြီး တူညီမှုများဖြင့် စုပေါင်းလုပ်ဆောင်နိုင်ခြင်း၏ အကျိုးရလဒ်ကောင်းဖြစ်ပါသည်။ သို့ပါ၍ ရရှိထားသော ငြိမ်းချမ်းရေးအောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ပြည်သူတစ်ရပ်လုံးက မျှော်လင့်စောင့်စားနေသောငြိမ်းချမ်းရေးကို စည်းလုံးညီညွတ်စွာဖြင့် ရယူနိုင်တော့မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# မွန်ပြည်နယ်လွှတ်တော်ရုံး အဆောက်အအုံအသစ်ဖွင့်

**မော်လမြိုင် မေ ၃**

မွန်ပြည်နယ် လွှတ်တော်ရုံး အဆောက်အအုံအသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၃၁ ရက်က မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက်ရှိ အဆိုပါရုံးအဆောက်အအုံသစ်၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



အခမ်းအနားတွင် ဝန်ကြီးချုပ်က ယနေ့သည် မင်္ဂလာရှိသောနေ့တစ်နေ့ဖြစ်ကြောင်း၊ အစိုးရသစ်လက်ထက် (၄) နှစ်မြောက်တွင် ပြည်နယ်လွှတ်တော်ရုံး အဆောက်အအုံအသစ်ကို ခမ်းနားထည်ဝါစွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း အမှာစကားပြောကြားပြီး မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားစာပေပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယခုဖွင့်လှစ်ခဲ့သည့် မွန်ပြည်နယ်လွှတ်တော်ရုံး အဆောက်အအုံအသစ်ကို ၂၀၁၄ခုနှစ် ဇူလိုင် ၆ ရက်တွင် စတင်တည်ဆောက်ခဲ့ကာ မြေညီထပ်နှင့် ဒုတိယအထပ်မှာ အလျား ပေ ၂၀၀၊ အနံ ၉၄ ပေ၊ တတိယထပ်မှာ အလျား ပေ ၁၀၀၊ အနံ ၉၄ ပေဖြစ်ပြီး လမ်း၊ ရေ၊ မီးလုပ်ငန်းများအပါအဝင် စုစုပေါင်း ကုန်ကျငွေကျပ်သိန်းပေါင်း ၉၁၈၆ သိန်းဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး**

ထင်သာမြင်သာပြုပြင်စရာ



# လူနေရပ်ကွက်များ၌ ဆီဘောက်ဆာကြီးများ ညအိပ်ရပ်နားနေ၍ မီးဘေးစိုးရိမ်နေကြ

**သီပေါ မေ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးဘေးတားဆီးရေးကော်မတီ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ သရုပ်ပြလေ့ကျင့်ခြင်း၊ ဆီအရောင်းဆိုင်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ မီးသတ်ရေလှောင်ကန်များကို ရေဖြည့်တင်းခြင်း၊ တစ်အိမ်တက်ဆင်း မီးအသုံးပြုမှုများကို စစ်ဆေးခြင်း၊ မီးအသုံး ပြုချိန်များ သတ်မှတ်ပေးခြင်း စသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း ဆီရောင်းဝယ်ရေး စီးပွားရေးလုပ်ငန်းရှင်အချို့ ဆီဘောက်ဆာကြီးများကို တောင်မြို့ရပ် မြတ်လေးလမ်း လူစည်ကားရာ နေရာများ၌ စည်းကမ်းမဲ့စွာ ညအိပ်ညနေ စခန်းချရပ်နားနေသဖြင့် ယခုကဲ့သို့ နေပူပြင်းချိန်များတွင် မြို့နေပြည်သူများက မီးဘေး အန္တရာယ် စိုးရိမ်နေကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသို့ ပါကစ္စတန် ရေတပ်ဦးစီးချုပ်၏ဇနီး Mrs. Begum Tahira Zaka နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မတ် ၃၁ ရက်က မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သဇင်နွယ်၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို အသင်းရုံး၌ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် အတွင်းရေးမှူးက အသင်း၏ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ မိခင်နှင့်ကလေးများ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းနှင့် အသက်မွေးကျောင်းပညာသင်ဌာနတွင် ဖွင့်လှစ်ထားသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုစောင့်ရှောက်သူများအတွက် သင်တန်းသို့ သွားရောက်လေ့ လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၃ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် (အသစ်) | တစ်အိတ် | ၁၆၅၀၀-၁၆၈၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၃၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၂၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၀၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၄၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၇၂၅-၁၇၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၉၀-၈၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၀၀-၃၀၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၅၀၀-၆၂၀၀ |
| သကြား | တစ်ပိဿာ | ၈၆၀-၈၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

# လယ်ဝေးမြို့နယ် အေလာမြို့ မိုယ်းကောင်းမြို့ဦးစေတီတော်နှင့် အာယုပုညစေတီတော်တို့အား ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၃**

နေပြည်တော် လယ်ဝေးမြို့နယ် အေလာမြို့ရှိ ဂိုဏ်းထောက်ကျောင်းတိုက် ဝတ္ထုကံတော်တွင် ဉာဏ်တော် ၂၃ တောင်ရှိ မိုယ်းကောင်းမြို့ဦး စေတီတော်နှင့် ဉာဏ်တော် ၂၁ တောင်ရှိ အာယုပုညစေတီတော်တို့အား ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရအမှူးပြုသော သံဃာတော်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အရာရှိ စစ်သည်၊ မိသားစုများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်း ကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို ဆက်ကပ်လှူဒါန်းကြပြီး ပျဉ်းမနားမြို့မင်္ဂလာဇေယျံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို ပင့်ဆောင်၍ စေတီတော်များကို လက်ယာရစ် သုံးကြိမ် လှည့်လည်ပူဇော်ကြသည်။ **(ယာပုံ)**

ထို့နောက် မိုယ်းကောင်းမြို့ဦး စေတီတော်၌ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့အား မင်္ဂလာရထားပျံဖြင့် အစီအစဉ်အတိုင်း တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့အား မိုယ်းကောင်းမြို့ဦး စေတီတော်မှတစ်ဆင့် အာယုပုညစေတီတော် ငြမ်းထက်သို့ ပင့်ဆောင်၍ အစီအစဉ်အတိုင်း ဆက်လက် တင်လှူပူဇော်ကြသည်။

အဆိုပါ စေတီတော်များအား စိန်ဖူးတော် တင်လှူပူဇော်ပြီးသော အခါ အရံစေတီတော် ရှစ်ဆူကို ရွှေထီးတော်များ တင်လှူပူဇော်ကြသည်။

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက စေတီတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများသည် သက်တော် ၉၆ နှစ်ရှိ သက်တော်ရှည် ဂိုဏ်းထောက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောဝိဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(မြဝတီ)**



# တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးစွာအထောက်အပံ့ပေးနိုင်တဲ့ ငြိမ်းချမ်းရေးအချက်ပေးသံ



ဒေါက်တာအောင်မင်း



ဒေါက်တာအောင်သူ



ဒေါက်တာမောင်သင်း



ဒေါက်တာလွင်လွင်စိုး

**ရန်ကုန် ဧပြီ ၃**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) မူကြမ်းကို ပဏာမသဘောတူညီမှု ရရှိခြင်းသည် ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အခြေခံကျသည့် ပထမခြေလှမ်းကို စတင်နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ငြိမ်းချမ်းရေးအတွက် ပထမခြေလှမ်း စတင်နိုင်ခြင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်တော့မည့် အချက်ပေးခေါင်းလောင်းသံလည်းဖြစ်ရာ ပညာရေးနယ်ပယ်မှ ငြိမ်းချမ်းရေး အချက်ပေးသံအပေါ် ဝမ်းမြောက်ကြိုဆိုစကားသံများကို မြန်မာ့သတင်းစဉ်မှ စုစည်းတင်ပြလိုက်ပါသည်။

**ဒေါက်တာအောင်မင်း**
**ပါမောက္ခချုပ်**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးမူကြမ်းကို လက်မှတ်ရေးထိုးတာကို ကြားသိရတာ တကယ့်ကို မင်္ဂလာရှိပြီး ကျွန်တော်တို့နိုင်ငံရဲ့ အကောင်းဆုံးသော မင်္ဂလာသတင်းတစ်ခုနဲ့ ဆောင်ရွက်ချက်တစ်ခုဖြစ်တယ်လို့ ယူဆပါတယ်။ နိုင်ငံတစ်ခုက မငြိမ်းချမ်းဘူးဆိုရင် မတည်ငြိမ်နိုင်ပါဘူး။ မတည်ငြိမ်တဲ့ နိုင်ငံတစ်ခုက ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လို့ မရနိုင်ပါဘူး။ ဒါကြောင့်မို့ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုတာ ဆက်စပ်နေပါတယ်။

မြန်မာနိုင်ငံဟာ သဘာဝသယံဇာတပေါများတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ များသောအားဖြင့် သဘာဝသယံဇာတပေါများတဲ့ နိုင်ငံတွေဟာ ပဋိပက္ခများစွာရှိတာလည်း ကမ္ဘာ့နိုင်ငံအသီးသီးမှာ တွေ့ရပါတယ်။ အဲ့ဒီပဋိပက္ခကို ဖြေရှင်းတဲ့နည်းမှာ လက်နက်ဆွဲကိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ဖြေရှင်းတဲ့နည်းနဲ့ အပြန်အလှန် ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးပြီးတော့ ဖြေရှင်းတဲ့နည်းလမ်းတွေရှိကြပါတယ်။ ဒီမှာမှ အပစ်အခတ်တွေ ရပ်စဲပြီးနောက်မှာ အပြန်အလှန်ပြောဆို ဆွေးနွေးကြတဲ့ အဆင့် ရောက်တော့မှာဖြစ်လို့ အလွန်ဝမ်းသာစရာ ဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းလာခဲ့မှသာလျှင် ပညာရေးလည်း တည်ဆောက်လို့ရမှာဖြစ်ပါတယ်။ ပညာရေးတည်ဆောက်လို့ရမှာသာ လူတွေဟာ အသိ၊ အတတ်ပညာတွေ ကြွယ်ဝလာပြီး အပြန်အလှန် ဆွေးနွေးပြောဆိုကြရာမှာ အပြန်အလှန်နားလည်မှုတွေ တည်ဆောက်နိုင်ပြီး ယုံကြည်မှုလည်း တည်ဆောက်ပြီးဖြစ်မှာပါ။ ဒီလိုနားလည်ယုံကြည်မှုတွေ ရရှိမှသာလျှင် စုပေါင်းစွမ်းဆောင်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံအတွက် စုပေါင်းစွမ်းဆောင်ကြပြီး မကြာတဲ့ကာလမှာ အရာရာဖွံ့ဖြိုးတိုးတက်ဖို့ မျှော်မှန်းချက်တွေရရှိလာမှာပါ။ ဒီအချက်က အခြေခံအကျဆုံး လိုအပ်ချက်တစ်ခုကို ဆောင်ရွက်နိုင်ခဲ့တယ်လို့ ရှုမြင်သုံးသပ်ပါတယ်။ ဒီလိုနဲ့ ငြိမ်းချမ်းရေးကို ဆက်လက်ဆောင်ရွက်နိုင်ရင် မြန်မာနိုင်ငံကြီးကို အလျင်အမြန် တိုးတက်မှုရအောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

**ဒေါက်တာလွင်လွင်စိုး**
**ပါမောက္ခချုပ်**
**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်**

တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်မူကြမ်းကို လက်မှတ်ထိုးနိုင်တာကို ပညာရေးပိုင်းက တာဝန်ရှိသူတစ်ယောက်အနေနဲ့ အလွန်ပဲ ဝမ်းသာပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိပြီးတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးကြိုးစားပြီး ဆောင်ရွက်နိုင်တော့မယ်ဆိုရင် ပညာရေးကဏ္ဍမှာလည်း အရှိန်တစ်ခုနဲ့ တိုးတက်အောင် ဆောင်ရွက်ရင်းနဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုကောင်းတဲ့အနာဂတ်ကြီးကို ဖန်တီးပေးနိုင်ဖို့ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်လို့ အလွန်ဝမ်းမြောက်ကြောင်း ပြောချင်ပါတယ်။

**ဒေါက်တာအောင်သူ**
**ပါမောက္ခချုပ်**
**ရန်ကုန်တက္ကသိုလ်**

တိုင်းပြည်တစ်ခုမှာ နိုင်ငံရဲ့ အေးချမ်းတည်ငြိမ်မှုက အရေးပါတယ်။ တိုင်းရင်းသားအားလုံး ညီညွတ်ပြီး ပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ကို ရယူသွားနိုင်တာဟာ ငြိမ်းချမ်းရေးအတွက် အလင်းရောင်တစ်ခုပါပဲ။ နိုင်ငံကြီးတစ်ခုထဲမှာ မဆိုထားနဲ့။ ကမ္ဘာကြီးတစ်ခုလုံးမှာတောင် Global Citizen လို့ခေါ်တဲ့ ကမ္ဘာ့နိုင်ငံသားဆိုတဲ့ အတွေးအခေါ် အယူအဆတွေ ပေါ်ပေါက်နေတဲ့ အချိန်ကာလကြီးမှာ တို့မြန်မာပြည်ကြီးကလည်း တိုင်းရင်းသားတွေအားလုံး ဥမကွဲသိုက်မပျက်ဘဲ မြန်မာနိုင်ငံသားအဖြစ် မြန်မာနိုင်ငံရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်ဖို့ရာ ရှေ့ပြေးအလင်းရောင်တန်းတစ်ခုကို မြင်တွေ့ရပြီလို့ မြင်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်တာလည်း နိုင်ငံတော်အစိုးရအဖွဲ့ရဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်သလို တိုင်းပြည်အေးချမ်းသာယာရေးနဲ့ တိုးတက်ရေးကို ကြီးစွာအထောက်အပံ့ပေးနိုင်တဲ့ လမ်းကောင်းတစ်ခုကို စတင်နိုင်ခဲ့ပြီလို့ မြင်ပါတယ်။

**ဒေါက်တာမောင်သင်း**
**ပါမောက္ခချုပ်**
**မန္တလေးတက္ကသိုလ်**

ဒီလို သဘောတူညီမှုရရှိတာ ဝမ်းလည်းဝမ်းသာတယ်။ ဂုဏ်လည်း ဂုဏ်ယူတယ်။ ဘာ့ကြောင့်လဲဆိုရင် နှစ်ပေါင်းများစွာ ကြာလာခဲ့တဲ့ ညီအစ်ကိုအချင်းချင်း အထင်အမြင်လွဲမှားမှုတွေကို ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်ဖို့ ငြိမ်းချမ်းရေး ဖြစ်စဉ်တစ်ရပ်လုံးမှာ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားနဲ့ တိုင်းရင်းသားတွေရဲ့ရှေ့ရေးကို ရှေးရှုဆောင်ရွက်ကြတာကို အထူးကျေးဇူးတင်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို ဦးစီးဦးဆောင်ပြုခဲ့ကြတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ တိုင်းရင်းသားအဖွဲ့တွေအားလုံးကိုလည်း သူတို့ရဲ့အောင်မြင်မှုအတွက် အထူးဂုဏ်ယူမိပါတယ်။ ပဏာမသဘောတူညီမှုတွေကို လက်တွေ့မှာပါ အကောင်အထည်ဖော်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ တိုင်းရင်းသားတွေ အားလုံးကလည်း ဒီလိုကောင်းမွန်တဲ့ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး မြန်မာနိုင်ငံကြီးကို ငြိမ်းချမ်းဖွံ့ဖြိုးတဲ့ နိုင်ငံအဖြစ်သွားနိုင်အောင် ဆက်လက်ဆောင်ရွက်နိုင်ကြပါစေ။ ငြိမ်းချမ်းရေးအတွက် အခြေခံကျတဲ့ ဒီလိုထက်မြက်တဲ့ ခြေတစ်လှမ်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်ကြိုဆိုထောက်ခံ

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ ထပ်မံခန့်အပ်တာဝန်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်းကြေညာခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံးက ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်နိုင်ရန် ပေးပို့သည့် ကချင်ပြည်နယ်အတွင်းရှိ မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စုတစ်အုပ်စုနှင့် ကျေးရွာ ၂ ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု ၄ အုပ်စုနှင့် ကျေးရွာ ၃၁ ရွာ ပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စုတစ်အုပ်စုကို အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းနှင့် နမ္မတီးကျေးရွာအုပ်စုကို ရပ်ကွက် ၄ ရပ်ကွက်ပါဝင်သော နမ္မတီးမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းခြင်း၊ ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ် ကျေးရွာ ၁၂ ရွာတိုးချဲ့ဖွဲ့စည်း၍ ကျေးရွာတစ်ရွာ ပယ်ဖျက်ခြင်းနှင့် ဟားခါးမြို့နယ်တွင် ကျေးရွာရှစ်ရွာ တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာတစ်ရွာ ပယ်ဖျက်ခြင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုခရိုင်ကို ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်နှင့် ရေဦးမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားရာမှ ရွှေဘို၊ ဝက်လက်၊ ခင်ဦးနှင့် ဒီပဲယင်းမြို့နယ် ၄ မြို့နယ်ကို ရွှေဘိုခရိုင်ဟူ၍ လည်းကောင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်နှင့် ရေဦးမြို့နယ် ၄ မြို့နယ်ကို ကန့်ဘလူခရိုင်ဟူ၍လည်းကောင်း ခရိုင်နှစ်ခရိုင်အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာအုပ်စုအတွင်း ရန်ကင်းတောင်ကျေးရွာတစ်ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စုအား ရပ်ကွက် ၂ ရပ်ကွက်ပါဝင်သော ပိန်းဇလုပ်မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း။

မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူးခရိုင် စလင်းမြို့နယ်တွင် ဆင်ဖြူကျွန်းမြို့၊ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်တွင် ကမ္မမြို့နှင့် ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် ကျောမြို့တို့ကို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ထွန်းသာကျေးရွာအုပ်စုမှ သမုန်းကိုင်းကျေးရွာနှင့် လက်ပံသာကျေးရွာအုပ်စုမှ မြောက်ကျွန်းကျေးရွာတို့ကို ပယ်ဖျက်ခြင်းနှင့် တောင်သာမြို့နယ် ခြုံကြီးကျေးရွာအုပ်စုကို သာယာကြီးကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊ နွားပြင်းကျေးရွာအုပ်စုကို နန်းမြင့်ကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊ ရုံးစဉ်ကြီးကျေးရွာအုပ်စုကို ရုံးစည်ကြီးကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊ ကန်ပေါက်ကျေးရွာအုပ်စုကို ကန်သာယာကျေးရွာ အုပ်စုနှင့် လိပ်ကုန်းကျေးရွာအုပ်စုကို သာယာအေးကျေးရွာအုပ်စုအဖြစ် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း။

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ဖောင်စိန်ကျေးရွာအုပ်စု၏ မူလမြေဧရိယာ ၁၂၂၇၂ ဧကအနက် ၉၄၂ ဧကကို ဖောင်စိန်ရပ်ကွက်အဖြစ် ပြင်ဆင်ဖွဲ့စည်း၍ ကျန်ဧက ၁၁၃၃၀ ကို ဝဲကလီကျေးရွာအုပ်စု ဝဲကလီကျေးရွာအတွင်းသို့ ထည့်သွင်းပြင်ဆင်ဖွဲ့စည်းခြင်း၊ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်အတွင်းရှိ ကျွန်းသာယာကျေးရွာအုပ်စုကို ကျွန်းသာယာကျေးရွာအုပ်စုနှင့် ငပသုန်ကျေးရွာအုပ်စုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်းက ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်း အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယခုဆောင်ရွက်ချက်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် အောင်မြင်မှုဖြစ်ပါကြောင်းနှင့် ငြိမ်းချမ်းရေးသည် ပြည်သူများ၏လိုလားချက်၊ ဆန္ဒနှင့်မျှော်လင့်ချက်များဖြစ်သဖြင့် ငြိမ်းချမ်းရေးရရှိရန် ပါဝင်ဆောင်ကြဉ်းပေးကြသူများအားလုံးကိုလည်း ပြည်သူများအနေဖြင့် ကြိုဆိုထောက်ခံကြမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေဖြင့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တက်ရောက်ရန်ရောက်ရှိလာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအား မြန်မာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် တွေ့ဆုံခဲ့ပြီး "ယနေ့မိမိတို့ တိုင်းပြည်အတွက် အလိုအပ်ဆုံးမှာ ပြည်တွင်းငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့် လိုလားတောင့်တမှုများမှာလည်း ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ အခက်အခဲများ၊ စိန်ခေါ်မှုများ အမျိုးမျိုးရှိနေသော်လည်း ငြိမ်းချမ်းရေးရယူလိုသောသဘောထားမှာ အဖွဲ့အစည်းအသီးသီးတွင်ရှိနေသော တူညီသည့်အချက်ဖြစ်ကြောင်း" ပြောကြားခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ပါကြောင်း။

ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့၏ ထုတ်ပြန်ကြေညာချက်များကို ကြည့်ခြင်းအားဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု၏ အရေးပါမှုကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုများ အချိန်တိုကာလအတွင်း အောင်မြင်မည်ဖြစ်ပါကြောင်း၊ ထိုသို့အောင်မြင်ရန် ဆောင်ရွက်ရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့အပြင် နိုင်ငံသားအားလုံးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ **"ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီး အောင်မြင်စွာအတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်က ကြိုဆိုထောက်ခံပါကြောင်းနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို တင်သွင်းရာ လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာအမျိုးသားလေကြောင်းအနေဖြင့် မော်လမြိုင်ဌာနခွဲသို့ တစ်ပတ်လျှင်တစ်ကြိမ် ပုံမှန်ပျံသန်းပြေးဆွဲသွားမည်

**နေပြည်တော် ဧပြီ ၃**

ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းက **ပြည်ထောင်စုဝန်ကြီးဌာနမှ ချမှတ်ပေးသည့် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်းတံတားများ၊ အဆောက်အအုံများကို ပြည်နယ်အစိုးရထံ လွှဲအပ်ပြီး တင်ဒါစနစ်ဖြင့် လုပ်ကိုင်စေသော လုပ်ငန်းများ**နှင့်စပ်လျဉ်း၍ မေးမြန်းရာ သမ္မတရုံးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးအောင်သိမ်းက ပြည်နယ်/ခရိုင်/မြို့နယ် တင်ဒါခေါ်ယူရေး လုပ်ငန်းကော်မတီများမှ နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် လည်းကောင်း ကြော်ငြာ၍ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

တင်ဒါခေါ်ယူမှုအပေါ် တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီများ၏ Profile Estimate အသေးစိတ်တွက်ချက်မှုများကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ကုမ္ပဏီတစ်ခုချင်းအလိုက် အသေးစိတ်စိစစ်ပြီး အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကုမ္ပဏီများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးထားသည့် တင်ဒါခေါ်ယူရေး လုပ်ငန်းကော်မတီ၊ တင်ဒါစိစစ် ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအဆင့်ဆင့်ဖြင့် ရွေးချယ်ဆောင်ရွက်သည့်အပြင် တင်ဒါလုပ်ငန်းအပ်နှံသူ/လုပ်ကိုင်သူများ ပြဿနာမဖြစ်ပွားစေရန် ပြည်နယ်/ ခရိုင်၊ မြို့နယ် ဆောက်လုပ်ရေး ကြီးကြပ်မှုနှင့် အရည်အသွေးစိစစ်ရေးကော်မတီများမှ ကြီးကြပ်စစ်ဆေးရေးများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် စာချုပ်ချုပ်ဆိုဆောင်ရွက်ရာတွင် စာချုပ်ပါအချက်အလက်များကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများသို့လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများထံသို့လည်းကောင်း ပေးပို့ထားပြီးဖြစ်ပါသဖြင့် ဒေသခံပြည်သူများအနေဖြင့် စာချုပ်ပါအချက်အလက်များကို သိရှိလိုပါက တင်ဒါအောင်မြင်သည့် ကုမ္ပဏီများထံ၌ လည်းကောင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာရုံးများတွင်လည်းကောင်း၊ သက်ဆိုင်ရာ ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများတွင် ဆက်သွယ်တောင်းယူရရှိနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း၏ **မော်လမြိုင်လေယာဉ်**

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လက်တွေ့လုပ်ငန်းခွင်တွင် စံနှုန်းများကောက်ယူခြင်းကို အဆင့်လိုက်ဆောင်ရွက်ရေးဆွဲသွားမည်

**နေပြည်တော် ဧပြီ ၃**

အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **ပခုက္ကူမြို့နယ် ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို ခုတင်(၃၀၀)ဆံ့ စံကိုက်အထွေထွေရောဂါကုဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပခုက္ကူမြို့ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တစ်ရက်ပျမ်းမျှဆေးရုံတက်လူနာဦးရေမှာ ၂၀၁၄ ခုနှစ်တွင် ၅၀ ဒသမ ၇ ဦးရှိပြီး ဆေးရုံခုတင် အသုံးချမှုရာခိုင်နှုန်းမှာ ၂၀၁၄ ခုနှစ်တွင် ၇၆ ဒသမ ၇ သာရှိသဖြင့် ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ **ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် ဇန်နဝါရီလဖြင့် အသီးသီး ထုတ်ဝေထားပြီးသော လုပ်ငန်းအခြေခံစံနှုန်း(၇)မျိုးအပြင် ဝန်ကြီးဌာနတချို့နှင့် ပြည်တွင်းပြည်ပကုမ္ပဏီတချို့တို့မှ ဆောက်ရွက်လုပ်ကိုင်ကြရသော ဘာသာရပ်ဆိုင်ရာ သီးသန့်တည်ဆောက်မှုလုပ်ငန်းများ (Unique Constructions)အတွက် လိုအပ်သလိုအတွဲများ (Volumes) ခွဲ၍ မိုငြမ်းကိုးကားနိုင်ရေးအတွက် ထုတ်ဝေမည့်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဘာသာရပ်ဆိုင်ရာ သီးသန့်တည်ဆောက်မှုလုပ်ငန်းများ လိုအပ်သလိုအတွဲများခွဲ၍ မှီငြမ်းကိုးကားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပညာရှင်များ၏ အကြံပြုချက်

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း

*ပြည်သူ့လွှတ်တော်မှ*

**ကွင်းကို အဆင့်မြှင့်တင်ပြီး တစ်ပတ်လျှင် အထူးလေယာဉ်ပျံများ နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ပြေးဆွဲနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က မော်လမြိုင်ဌာနခွဲ၏ ခရီးသည်ရရှိမှု အခြေအနေအရ စီးပွားရေးတွက်ခြေကိုက်မှုမရှိသည့်အတွက် မြန်မာ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ လေဆိပ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အလားတူ ဒုတိယဝန်ကြီးဦးဇင်ယော်က သထုံမြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရလွယ်ကူသည့် အနေအထားတွင် ရှိပါကြောင်း၊ အနာဂတ်ကာလတွင် လေကြောင်းသွားလာမှုများ ပိုမိုထွန်းကားလာပြီး လေယာဉ်ငယ်များ



ဒုတိယဝန်ကြီး ဦးဇင်ယော် **ဖြေကြားစဉ်။** (သတင်းစဉ်)



မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း **မေးမြန်းစဉ်။** (သတင်းစဉ်)

အမျိုးသားလေကြောင်း အနေဖြင့် မော်လမြိုင်ဌာနခွဲသို့ တစ်ပတ်လျှင် တစ်ကြိမ်သာ ပုံမှန်ပျံသန်းပြေးဆွဲသွားနိုင်မည်ဖြစ်ပြီး ခရီးသည် ပိုမိုတိုးတက်ရရှိပါက ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပါကြောင်း။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသော ပြည်တွင်းလေဆိပ်များ၌ ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိတ်ပါဝင်စားသောကုမ္ပဏီများသို့ Register of Interest (ROI) ခေါ်ယူထားခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ စိတ်ဝင်စားမှုရှိသည့် လေဆိပ်များအလိုက် တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး အောင်မြင်သောတင်ဒါရှင်နှင့် ညှိနှိုင်း၍ မော်လမြိုင်လေဆိပ်ရေးဆွဲထားသည့် Master Plan အတိုင်း လေဆိပ်အဆင့်မြှင့်တင်ခြင်း၊ လေဆိပ် ပျံသန်းအသုံးပြုရန် လိုအပ်လာသည့်အချိန်တွင် သထုံလေယာဉ်ကွင်းကို တိုးချဲ့တည်ဆောက်ပြီး လေယာဉ်များ ဆင်းသက်ပျံသန်းနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် လေယာဉ်များ ဆင်းသက်ပျံသန်းရန် မဖြစ်နိုင်သေးသော်လည်း လိုအပ်သည့်အချိန်တွင် မြန်ဆန်စွာအသုံးပြုနိုင်ရေးအတွက် လေယာဉ်ကွင်းကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆက်လက်ထိန်းသိမ်းထားရှိမည်ဖြစ်ပြီး သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ညှိနှိုင်း၍ထိန်းသိမ်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၏ **မွန်ပြည်နယ် သထုံမြို့နယ်ရှိ လေယာဉ်ကွင်းကြီးအား ပြန်လည်ပြုပြင်ပြီး လေယာဉ်ပြန်လည်ပြေးဆွဲပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းအပေါ်တွင်လည်း ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အပေါ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
သတင်းထုတ်ပြန်ချက် (၄/၂၀၁၅)
၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အပေါ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သတင်းထုတ်ပြန်ချက်**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peace-Making Work Committee - UPWC) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team - NCCT) တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ ထိုသို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီး အောင်မြင်စွာ အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်က ကြိုဆိုထောက်ခံပါကြောင်းနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ထုတ်ပြန်ကြေညာပါသည်။

**ပြည်ထောင်စုလွှတ်တော်**

# ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ဖိတ်ခေါ်ဆွေးနွေးခြင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၃**

ပထမအကြိမ် အမျိုးသားလွှတ်တော်၊ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဆွေးနွေးလျက်ရှိသည့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖိတ်ခေါ်ဆွေးနွေးခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆွေးနွေးပွဲခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ ဖိတ်ခေါ်ဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက ယခုလို အချိန်ပေးပြီး စိတ်ဝင်စားစွာဖြင့် လာရောက်ဆွေးနွေးပေးသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုဆွေးနွေးသည့် ဥပဒေကြမ်းသည် လွန်စွာသိမ်မွေ့ပါကြောင်း၊ လွှတ်တော်သည် ပြည်သူ့အသံကို အမြဲကြားနာပါကြောင်း၊ တက်ရောက် ဆွေးနွေးပေးသည့် ပုဂ္ဂိုလ်များကလည်း လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးခြင်းဖြင့် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတွင် အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဗဟို)မှ ဦးသွေးချွန်၊ ဦးအောင်မြိုင်၊ ဦးအေးပိုင်၊ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့မှ ဒေါက်တာတင်သိန်းလွင်၊ ဒေါက်တာသာညဏ်၊ ဒေါ်စန္ဒာလိုနီး၊ ဒေါက်တာလှထွန်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သော National NGO Network မှ ဒေါ်နွယ်ဇင်ဝင်း၊ Gender Equality Network မှ ဒေါ်မေစံပယ်ဖြူ၊ Women’s Organizations Network မှ ဒေါ်ခင်လေး၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့(ရန်ကုန်) မှဒေါ်ဖိုမင်းသန်း၊ Student Christian Movement မှ ဦးထွန်းထွန်းဦး၊ Public Legal Aid Network မှ ဒေါ်သင်ဇာဦး၊ MDRI မှ ဒေါက်တာတင်မောင်သန်းနှင့် Myanmar Peace Centre မှ ဒေါက်တာအင်ဒရူးတို့က ၎င်းတို့၏ သဘောထားအမြင်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးအကြံပြုခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

များရယူခြင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် စံနှုန်းများကောက်ယူခြင်း၊ ပြန်လည်စိစစ်ခြင်း ကိစ္စရပ်များကို အဆင့်လိုက်ဆောင်ရွက်ပြီး ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ ယခင်ထုတ်ဝေပြီး လုပ်ငန်းအခြေခံစံနှုန်းကို ၂၀၀၈ -၂၀၀၉ ဘဏ္ဍာရေးနှစ်မှ အစပြု၍ ရေးဆွဲခဲ့ရာ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ထုတ်ဝေနိုင်ခဲ့ပြီး အချိန်(၅)နှစ်ခန့်ကြာခဲ့ပါကြောင်း၊ ယခုရေးဆွဲမှုကို အချိန်အားဖြင့် (၂) နှစ်ခန့်ကြာမြင့်မည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော၏ **မတူညီသောလုပ်ငန်းတာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်းထမ်းဆောင်နေရသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား သီးခြားလွတ်လပ်သောလုပ်ငန်းအဖွဲ့အစည်းနှစ်ခုအဖြစ်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် အဆောက်အအုံနှင့် ဆောက်လုပ်ရေးညွှန်ကြားမှုဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားချေးငွေအကူအညီဖြစ်သည့် **JICA**၊ **ADB** ချေးငွေဖြင့် ဆောက်ရွက်သည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများတွင် အရည်အသွေးစစ်ဆေးကြပ်မတ်ရန်အတွက် နိုင်ငံခြား **Consultant Team** များ ငှားရမ်းဆောင်ရွက်နေပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။



ဒုတိယဝန်ကြီး ဦးစိုးတင့် **ဖြေကြားစဉ်။** (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ) ကိုပေါက်၏ **နှစ်စဉ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေများမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများကို ဒေသအတွင်းရှိ ဒေသခံအများပိုင်ကုမ္ပဏီများမှ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ခွင့်ရရှိမည့်နည်းလမ်းများ၊ အစီအမံများအား သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒေသအတွင်းရှိ ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်လိုပါက တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး လုပ်ငန်းတင်ဒါ အောင်မြင်ပါက ရန်ပုံငွေ၏ ငါးရာခိုင်နှုန်းကို လုပ်ငန်းအာမခံငွေအဖြစ် ဘဏ်တွင်အပ်နှံစေပြီး နှစ်ဦးနှစ်ဖက် တင်ဒါစာချုပ် ချုပ်ဆိုဆောင်ရွက်ပါကြောင်း၊ လုပ်ငန်းတစ်ဆင့်ချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ(၄)ဖွဲ့မှ အဖွဲ့ဝင်များ၊



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် **မေးမြန်းစဉ်။** (သတင်းစဉ်)

ကျွမ်းကျင်သူအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့်စစ်ဆေးသတ်မှတ်အရည်အသွေးပြည့်မီမှသာ ဆက်လက်ဆောင်ရွက်စေခြင်းနှင့် ငွေပေးချေခြင်းများကို ဆောင်ရွက်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာငွေရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**ကို ဖတ်ကြားတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲ သတင်းရေးသားနည်း ဆင့်ပွားသင်တန်း ကျင်းပ

**ဖားအံ ဧပြီ ၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရုံးခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းဆင့်ပွားသင်တန်းကို မတ် ၃၀ ရက် နံနက်က ကျင်းပရာ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်းက အမှာစကားပြောကြားသည်။

ပြင်သစ်နိုင်ငံ CFI ထောက်ပံ့မှုဖြင့် မြန်မာဂျာနယ်လစ်သိပ္ပံက မြစ်ကြီးနားမြို့၌ မတ်လ ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ခဲ့သော ရွေးကောက်ပွဲသတင်းရေးသားခြင်းသင်တန်းပို့ချချက်များကို ခရိုင်ကိုယ်စားပြု တက်ရောက်ခဲ့သည့် လွယ်ဂျယ်ပြန်/ဆက်ဦးစီးမှူး ဦးထွန်းထွန်းနိုင်က သင်တန်းနည်းပြအဖြစ် ဆင့်ပွားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းသို့ ဗန်းမော်၊ မိုးမောက်၊ မံစီ၊ ရွှေကူ၊ မြို့လှ၊ ဒေါ့ဖုန်းယန်နှင့် လွယ်ဂျယ်မြို့နယ်များမှ ပြန်ဆက်ဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**မိုးလေဝသအခြေအနေ**

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပြည်တွင်းသတင်း

# နိုင်ငံတော်နှင့် တပ်မတော်၏ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိီရိပျံချီစိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၈) ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။ (မြဝတီ)

**ယနေ့အချိန်တွင် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားခိုင်မာတောင့်တင်းရန် တပ်မတော်ကို စွမ်းရည်ပြည့်ဝသည့် ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းတည်ဆောက်လျက်ရှိ**

**နေပြည်တော် ဧပြီ ၃**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၈) သူရတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိီရိပျံချီစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများကိုစစ်ဆေးကာ ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၈) သူရတပ်ခွဲမှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ် ၈၄ ဗိုလ်လောင်း ဖြိုးမင်းဇော်ကို ငွေဓားဆုချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများကို မိန့်ခွန်းပြောကြားရာတွင် တပ်မတော်၏ မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက် ဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းရင်းပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် မိမိကွပ်ကဲရမည့်စစ်သည်များကို လိုအပ်သည့်လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ မိမိကိုယ်ကိုယ် ဖွံ့ဖြိုးတိုးတက်ဖို့ (Self Development Training) ကိုလည်း လေ့ကျင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သင်ယူမှုများ လေ့လာမှုများက ရရှိသည့် အသိပညာ အတတ်ပညာများကို ကျွမ်းကျင်စွာဖြင့် လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်အောင် **"လေ့ကျင့်ရေးသည် စစ်ဆင်ရေး"** ဆိုသည့်ဆောင်ပုဒ်အတိုင်း ရဲဘော်တို့သည် လေ့ကျင့်ရေးကို စစ်ဆင်ရေးကဲ့သို့ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ **"မီးနာမှ သံကောင်းမည်၊သံကောင်းမှ ဓားထက်မည်"** ဆိုသည့် လေ့ကျင့်ရေးဆောင်ပုဒ်နှင့်အညီ စစ်မြေပြင်တွင် တိုက်ပွဲဝင်အသင့်တပ်ဖွဲ့ဝင်များ ဖြစ်လာမည်ဖြစ်သည့်အတွက် ရဲဘော်တို့အနေဖြင့် မိမိအပါအဝင် တပ်ဖွဲ့ဝင်များ၏ Professional Skill ပြည့်ဝစေရန် တိုက်စွမ်းရည်ထက်မြက်စေရန် မိမိတပ်ဖွဲ့ကို အမြဲလေ့ကျင့်နေရန်လိုအပ်ကြောင်း၊ ရဲဘော်တို့အနေဖြင့် လက်တွေ့တာဝန်ထမ်းဆောင်ကြရာတွင် ခေါင်းဆောင်မှုကောင်းရင် ကောင်းသလို တပ်ဖွဲ့၏အောင်မြင်မှုများ၊ တိုးတက်မှုများ ရရှိထားမည်ဖြစ်ပြီး ခေါင်းဆောင်မှု ညံ့ဖျင်းလျှင်ဖြင့် မိမိအပါအဝင် ကွပ်ကဲမှုအောက် စစ်သည်များ၏ အသက်ခန္ဓာ၊ ဂုဏ်သိက္ခာ ထိခိုက်ဆုံးရှုံးမှုများနှင့် တွေ့ကြုံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့် မိမိတို့တပ်မတော်၏ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နှင့်အညီ ပြုမူကျင့်ကြံနေထိုင်ပြီး အောင်မြင်သည့် ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

အောင်မြင်နေသည့် ခေါင်းဆောင်ကောင်းများ၏နောက်တွင် အရည်အချင်းပြည့်ဝသည့် နောက်လိုက်ကောင်းများ များစွာ ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်သည့် ခေါင်းဆောင်ကောင်းဖြစ်ရန်သည် နောက်လိုက်ကောင်းတစ်ဦးဖြစ်ရန်လည်း လိုအပ်သည်ဆိုသည်ကို မမေ့မလျော့လိုက်နာရမည့် အရေးကြီးဆုံး အချက်တစ်ချက်အနေဖြင့် ပါဝင်ကြောင်း၊ အောင်မြင်သည့် ခေါင်းဆောင်ဖြစ်ရန် လိုက်နာဆောင်ရွက်ရာတွင် စစ်စည်းကမ်းကောင်းမွန်ရေးသည်လည်း အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏အသက်ခန္ဓာဖြစ်သကဲ့သို့ ကျောရိုးမဏ္ဍိုင်လည်းဖြစ်ကြောင်း၊ စစ်သည်များကို ဦးဆောင်မည့် ခေါင်းဆောင်ငယ်များအနေဖြင့် စည်းကမ်းအရာတွင် ပိုပြီးစံနမူနာပြဖြစ်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားအားလုံးအနေဖြင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာကြရကြောင်း၊ တပ်မတော်အရာရှိများဖြစ်ကြသည့် ရဲဘော်တို့အနေဖြင့် စစ်ဘက်နှင့်နယ်ဘက် ဥပဒေများသာမက နိုင်ငံတကာကျင့်ဝတ်စံနှုန်းများကိုပါ သိရှိလိုက်နာကြရန်လည်း လိုအပ်ကြောင်း။

မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကြောင်းတွင် ခေတ်ကာလနှင့်အညီ စွမ်းရည်ပြည့်ဝသည့် တပ်မတော်တစ်ရပ်ထူထောင်နိုင်မှု မရှိခဲ့ခြင်းကြောင့် နိုင်ငံတော်၏ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ သူ့ကျွန်ဘဝကျရောက်ခဲ့ရသည့် ရဲဘော်တို့အားလုံးအသိပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်တွင် နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်ကာကွယ်ရေး စွမ်းအားခိုင်မာ တောင့်တင်းရန် တပ်မတော်ကို စွမ်းရည်ပြည့်ဝသည့် ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းတည်ဆောက်လျက်ရှိကြောင်း။

ခေတ်မီ တပ်မတော်တစ်ရပ်ဖွဲ့စည်းတည်ဆောက်ရာတွင် ကာကွယ်ရေးစွမ်းရည်ပြည့်စုံရေးသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတကာ တပ်မတော်များနည်းတူ ကာကွယ်ရေး စွမ်းရည်ပြည့်စုံစေရန်အတွက် လေ့ကျင့်သားပြည့်ဝမှု၊ ခေတ်မီလက်နက်နှင့် လက်နက်စနစ်များ အသုံးပြုနိုင်မှု၊ လူအင်အားဖြည့်တင်းမှုနှင့် အကျိုးခံစားခွင့်များ ဖြည့်ဆည်းပေးနိုင်မှု၊ သတင်းအချက်အလက် စုံလင်စွာရရှိနိုင်မှု၊ စစ်ရေးဆိုင်ရာ မူဝါဒနှင့် သဘောတရားအယူအဆ မှန်ကန်စွာ ချမှတ်ကျင့်သုံးနိုင်မှု၊ မှန်ကန်စွာ တပ်ဖွဲ့စည်းနိုင်မှု၊ လိုအပ်သော အခြေခံအဆောက်အအုံများ ပြည့်စုံခိုင်မာမှုနှင့် လုံလောက်သော အုပ်ချုပ်ထောက်ပံ့ခြင်း ဆောင်ရွက်နိုင်မှုဆိုသည့်အချက်အားလုံး အပိုင်းလိုက် ဟန်ချက်ညီညီတိုးတက်နေရန် လိုအပ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော်အနေဖြင့် ကာကွယ်ရေးဆိုင်ရာ စွမ်းရည်မြင့်မားသည့် ခေတ်မီတပ်မတော်တစ်ရပ်ဖွဲ့စည်း တည်ဆောက်သည့်နေရာတွင် **"တပ်မတော်၏အဓိကတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ရန်အတွက် အမှန်တကယ်စွမ်းရည်ရှိသော တပ်မတော်ဖြစ်အောင် တည်ဆောက်ရာတွင် စစ်ရေးစွမ်းရည်ထက်မြက်ရန်အတွက် လူတစ်ဦးချင်းစီ၏ စွမ်းရည်ထက်မြက်ရေး လက်နက်စွမ်းရည်များရှိရေး၊ လေ့ကျင့်သားပြည့်ဝရေးနှင့် စစ်နည်းဗျူဟာကျင့်သုံးမှု မှန်ကန်မှုရှိစေရေး ဆောင်ရွက်ရန်"** ဆိုသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခြေခံလမ်းညွှန်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်၏ အဓိကအကျဆုံးတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကိုကာကွယ်ရန်၊ နိုင်ငံတော်၏ ရေထု၊ မြေထု၊ လေထုကိုကာကွယ်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ဥပဒေများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်တို့ပင်ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း **"ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံ ရှင်သန်ရပ်တည်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသားပြည်သူများအားလုံးက အလေးထားရမှာဖြစ်သလို နိုင်ငံတော်ကိုကာကွယ်နေသည့် တို့တပ်မတော်ကလည်း နိုင်ငံတော်ရဲ့ အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ပိုင်နက်နယ်မြေတစ်လက်မပင် မဆုံးရှုံးရအောင် ခိုင်ခိုင်မာမာထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမယ်"** ဟု မိန့်ကြားထားရှိခဲ့ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော်အနေဖြင့် **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်း သားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး"** ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ပိုင်နက်နယ်မြေကို တစ်လက်မမျှ အဆုံးရှုံးမခံနိုင်ဘဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်ပါ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း။

ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် မိမိတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်တိုးတက် မြင့်မားနေစေရေးသည်လည်း မဖြစ်မနေလုပ်ဆောင်ရမည့် အချက်တစ်ချက်အဖြစ် ပါဝင်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် **"အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေး သတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်ရမည်"** ဆိုသည့် မြဲ(၃)မြဲနှင့် အစဉ်ပြည့်စုံအောင်လည်း စီမံဆောင်ရွက်နေရမည်ဖြစ်သကဲ့သို့ ရဲဘော်တို့အနေဖြင့် အမြင်(၄)မြင်ဖြင့်လည်း ပြည့်စုံနေရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့သည် စစ်ရေးအမြင်သာမက နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နှင့် နိုင်ငံတကာရေးရာ ဗဟုသုတများနှင့်ပါ ပြည့်စုံနေရန် အစဉ်ကြိုးစားဆောင်ရွက်နေကြရန်လိုအပ်ကြောင်း၊ ထိုသို့ ပြည့်စုံနေမှလည်း နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

သမိုင်းကြောင်းနှင့် ယှဉ်သော မြန်မာ့တပ်မတော်၏ မွန်မြတ်သော အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် နေ့စဉ်ရွတ်ဆိုနေကျ သစ္စာအဓိဋ္ဌာန် (၄)ချက်နှင့်အညီ တပ်မတော် စတင်သန္ဓေတည်ပေါက်ဖွားခဲ့ချိန်မှ ယနေ့အချိန်အထိ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အချုပ်အခြာအာဏာနှင့် အသက်အိုးအိမ်စည်းစိမ် ဥစ္စာများကို စွန့်လွှတ်စွန့်စားစိတ်ဖြင့် အသက်ခန္ဓာပေးဆပ်ကာကွယ်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့်၎င်းတို့မိသားစုများ၏သူရဲကောင်းစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များအပေါ် ဆက်လက်သစ္စာစောင့်သိရင်း လက်ဆင့်ကမ်းအမွေအဖြစ် ခံယူစောင့်ထိန်းလိုက်နာပြီး ပေးအပ်သည့်တာဝန်များကို အောင်မြင်ကျေပွန်စွာထမ်းဆောင်ကြရန်၊ တိုက်စွမ်းရည်ပြည့်ဝသောတပ်ဖွဲ့ဝင်များ ဖြစ်စေရန်အတွက် လေ့ကျင့်ရေးကို စစ်ဆင်ရေးတစ်ရပ်ကဲ့သို့ ဆောင်ရွက်သွားကြရန်၊ မိမိတာဝန်ယူ ကွပ်ကဲရသည့် လက်အောက်ငယ်သားများအပေါ် ခေါင်းဆောင်မှု အင်္ဂါရပ် များနှင့်အညီ ရဲဘော်ရဲဘက်စိတ်အပြည့်ဖြင့် တရားမျှတစွာ ကွပ်ကဲအုပ်ချုပ်သွားကြရန်၊ တပ်မတော်အတွက် အသက်တမျှအရေးကြီးသည့် စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းပြီး စစ်စည်းကမ်းကို တိကျစွာလိုက်နာသွားကြရန်၊ တပ်မတော်၏ အဓိကတာဝန်ကြီး(၃)ရပ် အောင်မြင်စွာ ထမ်းဆောင်နိုင်ရေး စွမ်းရည်(၃)ရပ်ပြည့်စုံရေးတို့အတွက် တပ်တည်ဆောက်ရေးလုပ်ငန်း တာဝန်ကြီး(၄)ရပ်နှင့်အညီ တည်ဆောက်သွားကြရန်၊ ကာကွယ်ရေးစွမ်းရည်(Defence Capability) မြင့်မားသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှပါဝင်ဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို အစဉ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့်တပ်မတော်၏ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍက တက်ကြွစွာပါဝင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရမည့် အနာဂတ်၏စစ်ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာဧည့်ခန်းမ၌ ထူးချွန်ဆုရဗိုလ်လောင်းများနှင့် ၎င်းတို့၏မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

တွေ့ဆုံမေးမြန်းခြင်း

# သမိုင်းဝင် NCA စာချုပ်မူကြမ်းလက်မှတ်ရေးထိုးနိုင်မှုအပေါ် ထင်ရှားကျော်ကြားသူများ၏ သဘောထားအမြင်များ

ခင်မောင်ထွေး

**ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ အောင်မြင်မှုအချို့ကိုယ်စီကိုယ်စီရရှိခဲ့သော်လည်း ပြီးပြည့်စုံသော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအဆင့်သို့မူ တက်လှမ်းနိုင်ခဲ့ခြင်းမရှိခဲ့ချေ။**

လက်ရှိ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင်မူ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC) ကိုဖွဲ့စည်းပြီး UPCC ၏ တာဝန်ပေးချက်အရ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(NCCT)တို့သည်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း ရရှိရေးအတွက် မြစ်ကြီးနားမြို့၌ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ပထမအကြိမ် စတင်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်တွင်းပြည်ပ အလွတ်သဘော ၂၂ ကြိမ်၊ တရားဝင်ခုနစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်အတည်ပြုလက်မှတ် ရေးထိုးနိုင်ခဲ့သည်။

ယင်းသဘောတူစာချုပ်မူကြမ်းကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များထံ ပြန်လည်အတည်ပြုချက်ရယူပြီး အတည်ပြုချက်ရယူပြီးပါက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)ကို လက်မှတ်ရေးထိုးကြတော့မည် ဖြစ်သည်။ NCA စာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲ (Political Dialogue)ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လက်ထက်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆောင်ရွက်ချက်များမှာ ခေတ်အဆက်ဆက်က ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် မတူကွဲပြားရုံမက ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်းလည်း ကွာခြားမှုရှိ၍ "ထာဝရငြိမ်းချမ်းရေး"၏ အခြေခံအုတ်မြစ်ဖြစ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ငြိမ်းချမ်းရေးသည် ပြည်သူတို့၏ လိုလားချက်၊ ဆန္ဒနှင့် မျှော်လင့်ချက်သာဖြစ်ရာ NCA စာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် ထာဝရငြိမ်းချမ်းရေးတံခါး ဖွင့်ခြင်းလည်း ဖြစ်ပေသည်။

သို့ဖြင့် NCA စာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်ခဲ့သည့် သမိုင်းဝင် သမိုင်းတွင်မည့် ဆောင်ရွက်ချက်များအပေါ် ထင်ရှားကျော်ကြားသူများ၏ သဘောထားအမြင်များကို ကောက်နုတ်စုစည်း ဖော်ပြလိုက်ရပါသည်။

**ဗိုလ်မှူးချုပ် သန်းတင်(ငြိမ်း)**

NCA မူကြမ်း သဘောတူညီချက်လက်မှတ် ရေးထိုးနိုင်တော့ ရဲဘော်ဟောင်းကြီး တစ်ယောက်အနေနဲ့ဝမ်းသာတယ်ဗျာ။ အေးအေးချမ်းချမ်းဖြစ်လေ တိုင်းပြည်သာယာလေ ဖြစ်မှာပေါ့ဗျာ၊ ဖြစ်ပါစေလို့လည်း ကျွန်တော်တို့ ဆုတောင်းတာပေါ့။ ဒီလိုဖြစ်လာတော့ ကျွန်တော်တို့မျှော်မှန်းနေတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ထူထောင်နိုင်မှာပေါ့။

မတ် ၃၁ ရက်က လက်မှတ်တွေထိုးတော့ ဝမ်းသာတာမှအလွန်ပဲဗျာ။ ထာဝရ ငြိမ်းချမ်းရေးအတွက်ကတော့ နည်းနည်းစောင့်ရမယ်။ သူတို့အပေါ် မူတည်တယ်။ ငြိမ်းချမ်းရေးရရင်တော့ ကျွန်တော်တို့ တပ်မတော်ကြီးရော၊ ပြည်သူတွေရော၊ တိုင်းရင်းသားအဖွဲ့တွေရော ငြိမ်းငြိမ်းချမ်းချမ်း၊ သာသာယာယာနဲ့ ကျွန်တော်တို့ မျှော်မှန်းနေတဲ့ လမ်းစဉ်ကို ရောက်နိုင်မှာပေါ့။ ကျွန်တော်ဆိုရင် အရှေ့ပိုင်းတိုင်း၊ အလယ်ပိုင်းတိုင်း၊ အနောက်တောင်တိုင်းတွေမှာ တိုင်းမှူးအနေနဲ့ကို တိုက်ပွဲဝင်ခဲ့ရတာ။

ဒါပေမယ့် ခေတ်အခြေအနေအရ ငြိမ်းချမ်းရေးကို လုပ်ရမှာပါပဲ။ ပြီးခဲ့တဲ့အတွေ့အကြုံအရ မညီညွတ်ခဲ့လို့၊ တိုက်နေရလို့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအပိုင်းမှာ အားနည်းခဲ့ရပါတယ်။

နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်ကို မေတ္တာရပ်ခံပြောချင်တာကတော့ စိတ်ရှည်ပါ။ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှ ကျွန်တော်တို့တိုင်းပြည် သာယာဝပြောမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေကိုလည်း မေတ္တာရပ်ခံချင်တာကတော့ တစ်ယောက်နဲ့ တစ်ယောက်ဟာ ညီရင်းအစ်ကိုလို သဘောထားပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်ပါ လက်ခံပါလို့ ပြောချင်ပါတယ်။

**ဦးသုဝေ ဥက္ကဋ္ဌ**
**ဒီမိုကရက်တစ်ပါတီ(မြန်မာ)**

ယခုလို သမ္မတကြီးရှေ့မှောက်မှာ လက်မှတ်ထိုးသွားနိုင်တော့ တော်တော်လေး အောင်မြင်တယ်လို့ ပြောရမှာပေါ့။ သို့သော်လည်း အဖွဲ့အစည်းအားလုံးရဲ့ တိုက်ရိုက်ခေါင်းဆောင်တွေ မဟုတ်သေးတော့ ဒါလေးကတော့ မပြီးပြတ်သေးဘူးပေါ့နော်။

ဒါပေမယ့် ကျွန်တော်ထင်တယ်။ အားလုံးက ဒီလိုသဘောဆန္ဒမျိုး ရှိတော့ အားလုံးကမျှော်မှန်းနေတဲ့အတိုင်း လက်မှတ်ရေးထိုးဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့လည်း ဧပြီ ၂ ရက်နေ့မှာပဲ အလုပ်အမှုဆောင်အထူးအစည်းအဝေးခေါ်ပြီး NCA မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့တာကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာကြိုဆိုတဲ့အကြောင်း ကြေညာချက် ထုတ်ခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးရဲ့ တိုင်းပြည်နဲ့လူမျိုးအတွက် ကြိုးပမ်းချက်ဟာ အခုတစ်ဆင့်အောင်မြင်ခဲ့ပါပြီ။ ဆက်ပြီး အောင်မြင်အောင်ကြိုးပမ်းပါလို့ သမ္မတကြီးကို မေတ္တာရပ်ခံပန်ကြားချင်ပါတယ်။ ကျွန်တော်တို့လည်း ဝိုင်းပြီး အစွမ်းကုန်အားပေးမှာပါ။ ဒါဟာ ကျွန်တော်တို့ တိုင်းပြည်တစ်ပြည်လုံးနဲ့ဆိုင်တဲ့ ကိစ္စဖြစ်နေတယ်လေ။

**ဒေါ်ချိုချိုကျော်ငြိမ်း**
**အထွေထွေအတွင်းရေးမှူး**
**ဒီမိုကရက်တစ်ပါတီ (မြန်မာ)**

ကျွန်မ တောမှာမနေခဲ့ဖူးတော့ စစ်ပွဲတွေ၊ တိုက်ပွဲတွေကို မကြုံဖူးပေမယ့် စာထဲမှာဖတ်ရတော့ စိတ်မကောင်းဖြစ်မိပါတယ်။ အခုလို ငြိမ်းချမ်းရေးရမယ်ဆိုတော့ မြန်မာတစ်ပြည်လုံး ထီဆုကြီးပေါက်သလို ကျွန်မယူဆပါတယ်။



ဦးသုဝေ



ဦးသိန်းညွန့်



ဦးကိုကို

တိုင်းပြည်အုပ်ချုပ်နေတဲ့ အကြီးဆုံးပုဂ္ဂိုလ်၊ အမြင့်ဆုံးပုဂ္ဂိုလ်က သမ္မတကြီးဖြစ်တဲ့အတွက်သမ္မတကြီးကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။ ကျွန်မက သမ္မတကြီးကို မြင်ဖူးတဲ့အခါကျတော့ သမ္မတကြီးမျက်နှာက အလွန်အေးချမ်းပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်လာတဲ့ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးကိုလည်း ကျွန်မ ကျေးဇူးတင်ပါတယ်။ အဆင်ပြေအောင် လုပ်ပေးကြတဲ့အတွက်ပါ။ ဆက်လက်ပြီး ဒီထက်အဆင်ပြေလာလိမ့်မယ်လို့လည်း ကျွန်မ မျှော်လင့်ပါတယ်။ ဆုလည်း ဆုတောင်းပေးပါတယ်။

**ဦးသိန်းညွန့်**
**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်**

နံပါတ်တစ်ကတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ အဓိကပြဿနာကတော့ ဒီမိုကရေစီအရေး ဖွံ့ဖြိုးရေးပြဿနာ၊ ဒီပြဿနာရဲ့ သော့ချက်က ပြည်တွင်းငြိမ်းချမ်းရေး ရဖို့ပဲလေ။ နှစ်ပေါင်း ၆၀ ကျော်ဖြစ်နေတဲ့ ပြည်တွင်းစစ်နဲ့ ပတ်သက်ပြီးတော့ အခုလက်မှတ်ထိုးလိုက်နိုင်တဲ့ဟာက ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့ အင်မတန်မှ မျှော်လင့်ချက်ရလာတာပေါ့။

အဲဒီအတွက်ကြောင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးခဲ့တဲ့ အစိုးရအဖွဲ့ဝင်များနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ အားလုံးကို မြန်မာ့သမိုင်းက ကျေးဇူးတင်ပါမယ်။

ရှေ့တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းအားလုံးမှာ ငြိမ်းချမ်းရေးမရမချင်း စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းတွေလည်း ဘယ်လိုမှ အောင်မြင်မှာ မဟုတ်ပါဘူး။ ဒီမိုကရေစီအသွင် ကူးပြောင်းမှုမှာလည်း အခက်အခဲတွေအများကြီးပေါ်မယ်။ ဒါကြောင့် မတ် ၃၁ ရက်နေ့က လက်မှတ်ထိုးလိုက်ခြင်းဟာ ငြိမ်းချမ်းရေးအတွက် အခိုင်မာဆုံးခြေလှမ်းကို စတင်လိုက်ခြင်း ဖြစ်တယ်လို့ပဲ ကျွန်တော်ပြောပြပါရစေ။

ခေတ်အဆက်ဆက် လုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ယခုမျက်မှောက်လုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ချိန်ထိုးသုံးသပ်ပေးပါလို့ပြောတော့ အဲဒါက နှစ်ပိုင်းပေါ့။ ပါလီမန်ခေတ်က မရခဲ့ဘူးဆိုတာကို သေသေချာချာလေ့လာကြည့်ရင် အပြန်အလှန်တန်းတူဆွေးနွေးခဲ့တာ မဟုတ်ဘူးလေ။ အနည်းဆုံး စတိသဘောလက်နက်ချခဲ့ရမယ်ဆိုပြီးတော့ သတ်မှတ်ခဲ့တာရှိတယ်။ ဦးနုက စတိလက်နက်ချမှသာလျှင် လက်ခံမယ်ဆိုတဲ့အတွက် ပါလီမန်ခေတ်မှာ တရားဝင်တွေ့ဆုံဆွေးနွေးရေးဆိုတယ် မရှိခဲ့ဘူး။အလွတ်သဘောတွေ၊ တရားဝင်ဆွေးနွေးခဲ့တာ မရှိဘူး။

တော်လှန်ရေးကောင်စီ ခေတ်မှာ အကန့်အသတ်မထားဘဲ တွေ့ဆုံဆွေးနွေးရေး ခေါ်ခဲ့တာပေါ့။ ဒါပေမယ့် နောက်ပိုင်းမှာ တပ်တွေနေရာချထားမှုတွေ၊ သူ့နယ်မြေမှ လွတ်လပ်စွာ ဆောင်ရွက်နိုင်တဲ့ အပိုင်းတွေ အဲဒါတွေမရခဲ့တဲ့အတွက် ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်နေ့မှာ ငြိမ်းချမ်းရေးပျက်ခဲ့တယ်လေ။ ဒါတွေဟာ အထောက်အထားတွေရှိပြီးသား။

အခု သမ္မတကြီးဦးသိန်းစိန် အစိုးရဦးဆောင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီကတော့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် အစိုးရတစ်ရပ်ရဲ့ မာန်မာန မထားဘူးလေ။ တန်းတူရည်တူ ကိုယ့်တိုင်းရင်းသားညီအစ်ကိုလိုသဘောထားပြီး ဆွေးနွေးတာကိုး။ အဲလိုဆွေးနွေးခဲ့လို့၊ အချိန်တွေယူခဲ့လို့လည်း အခုလို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်တာပေါ့။ အဆုံးသတ်လက်မှတ်ရေးထိုးပြီးလို့ရှိရင် နိုင်ငံရေးဆွေးနွေးပွဲကြီးကို လုပ်လာနိုင်မှာပေါ့။

အဲဒီလို သမ္မတဦးသိန်းစိန် အစိုးရလက်ထက်မှာ လက်တွေ့ကျတဲ့ ခြေလှမ်းတွေကြောင့် အခုလို အဆင့်မျိုး ရောက်လာတာပေါ့။ အရင် အစိုးရခေတ်တွေမှာတော့ သူတို့မှာ အကန့်အသတ်တွေရှိတယ်။ ဒီလိုအကန့်အသတ်တွေရှိတဲ့အတွက် လက်နက်ကိုင်အင်အားစုတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ မအောင်မြင်ခဲ့ဘူးပေါ့။

နိုင်ငံတော်သမ္မတကြီးနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေကို ပြောချင်တာကတော့ တစ်ချက်တည်းပါပဲ။ နှစ်ပေါင်း ၆၀ ကျော်ဖြစ်ခဲ့တဲ့ ပြည်တွင်းစစ်ကြီးကိုသမ္မတကြီးဦးသိန်းစိန်နဲ့ ယနေ့တိုင်းရင်းသားခေါင်းဆောင်တွေလက်ထက်မှာ ချုပ်ငြိမ်းအောင်လုပ်နိုင်ခဲ့တယ်ဆိုရင် ဒီနေ့ သန်း ၅၀ ကျော်သော တိုင်းရင်းသားပြည်သူတွေရဲ့ လက်ငင်းဘဝသက်သာရေး၊ သာယာရေးအတွက် မျှော်လင့်ချက်တွေ ရလာတဲ့တွက်ကျေးဇူးတင်နေမှာဖြစ်သလို မြန်မာ့သမိုင်းမှာလည်း သူတို့ဟာ တိုင်းပြည်ကို ကယ်တင်တည်ထောင်သူတွေအဖြစ် သမိုင်းကနေရာပေးပါလိမ့်မယ်လို့ ကျွန်တော်ပြောပြပါရစေ။

> **အေးအေးချမ်းချမ်းဖြစ်လေ တိုင်းပြည်သာယာလေ ဖြစ်မှာပေါ့ဗျာ၊ ဖြစ်ပါစေလို့လည်း ကျွန်တော်တို့ ဆုတောင်းတာပေါ့။ ဒီလိုဖြစ်လာတော့ ကျွန်တော်တို့ မျှော်မှန်းနေတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ထူထောင်နိုင်မှာပေါ့။**

**ဦးကိုကို**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံ သတင်းစာဆရာအသင်း**

ကျွန်တော်တို့နိုင်ငံမှာ ဆယ်စုနှစ်ခြောက်စုကျော်ကြာ ရှိနေခဲ့တဲ့ ပြည်တွင်းစစ်မီး ငြိမ်းဖို့အတွက် ရောင်ခြည်သန်းလာတာပါ။ သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးတာနဲ့ ဆက်လုပ်ရမယ့် လုပ်ငန်းတွေကလည်း အများကြီးရှိပါတယ်။ အထူးသဖြင့် နိုင်ငံရေးဆွေးနွေးပွဲတွေဟာ အင်မတန်မှ အရေးကြီးပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကျမှ လက်တွေ့ အကောင်အထည်ဖော်လို့ရမယ့် အသေးစိတ်လုပ်ငန်းစဉ်တွေကို ဆွေးနွေးကြရမှာဖြစ်ပါတယ်။ နှစ်ဖက်စလုံးအနေနဲ့ လက်ရှိရထားပြီးဖြစ်တဲ့ အောင်မြင်မှုကနေ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းသွားနိုင်ဖို့ စိတ်ရှည်၊ သည်းခံကြပြီး တစ်ဖက်ရင်ထဲကို တစ်ဖက်က ဝင်ရောက်စာနာ နားလည်စိတ်ဆက်လက်ထားရှိဖို့ လိုပါတယ်။

စစ်ပွဲတွေကြောင့် ပျက်စီးဆုံးရှုံးမှုတွေ၊ ရုပ်ဝတ္ထုပစ္စည်းဆုံးရှုံးမှုတွေအပြင် စိတ်အနာတရဖြစ်မှုတွေကိုပါ ထည့်တွက်လိုက်မယ်ဆိုရင် ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ ဘယ်လောက်အထိ ဆက်စပ်နေသလဲဆိုတာ သိပ်ထင်ရှားပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးတိုးတက်မှု မရှိဘူးလို့ ပြောရမှာဖြစ်ပါတယ်။

တိုင်းရင်းသားတွေ အားလုံးဟာ အမိမြန်မာနိုင်ငံရဲ့ သားသမီးတွေပဲ ဖြစ်ပါတယ်။ သားကြီးမို့လို့၊ သမီးငယ်မို့လို့ဆိုပြီး အခွင့်အရေးပိုရတာမျိုး မရှိစေဘဲ သားသမီးတွေအားလုံး တန်းတူရည်တူ ဖြစ်ရပါမယ်။ အဲဒါတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခိုင်မာအောင် ပြဋ္ဌာန်းပေးဖို့ လိုအပ်လာမှာဖြစ်ပါတယ်။ အဲဒါကြောင့် ရှေ့ဆက်ရမယ့် ငြိမ်းချမ်းရေးခရီးရှည်ကြီးမှာ အဆင်ပြေချောမွေ့စေဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လိုအပ်တဲ့ပြင်ဆင်မှုတွေကို ခပ်သွက်သွက်လုပ်ပေးဖို့ လိုပါလိမ့်မယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ၊ လွှတ်တော်တွေရဲ့ လုပ်ကိုင်ခွင့်အာဏာတွေကို တိုးမြှင့်ရရှိဖို့ လုပ်ပေးရပါလိမ့်မယ်။

နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ ဒီငြိမ်းချမ်းရေးတည်ဆောက်မှု အဆင့်ဆင့်မှာ စေတနာမှန်နဲ့ ကူညီပေးဖို့လိုပါတယ်။ သတိထားရမယ့်အချက်က မငြိမ်းချမ်းမှ နေလို့ထိုင်လို့ချောင်မယ့်သူ အနည်းစုကတော့ ဖျက်လိုဖျက်ဆီးဆက်လုပ်နေကြဦးမှာဖြစ်ပါတယ်။ ဒီလိုလူတွေဟာ နေရာတိုင်းမှာ ရှိနေနိုင်ပါတယ်။ အဲဒါတွေကိုလည်း နှစ်ဖက်စလုံးက အထူးသတိထားပြီး ညီညွတ်မှုအရင်းခံနဲ့ ရှောင်ရှားကြဖို့ မေတ္တာရပ်ခံပါတယ်။

ဥယျာဉ်တစ်ခုဟာ စံပယ်တွေချည်း၊ နှင်းဆီတွေချည်း၊ သစ်ခွတွေချည်း၊ ဖူးပွင့်နေတာထက် ပန်းပေါင်းစုံဖူးပွင့်နေတဲ့ ဥယျာဉ်ကြီးက အလှဆုံးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားတွေပေါင်းစုံရှိနေတာကိုက အလှဆုံးဥယျာဉ်ကြီးဖြစ်ဖို့ သဘာဝရဲ့ အကောင်းဆုံးလက်ဆောင်တစ်ခု ဖြစ်ပါတယ်။ ပန်းပေါင်းစုံ ထာဝရပွင့်လန်းဖို့ အကောင်းဆုံးဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေ။ မြန်မာ့သမိုင်းမှာ သားစဉ်မြေးဆက် ဂုဏ်ယူပြောဆိုနိုင်မယ့်လှပတဲ့သမိုင်းသစ်ကို တည်ဆောက်နိုင်သူများ၊ ပန်းပေါင်းစုံဝေဆာပွင့်ဖူးစေမယ့် ဥယျာဉ်မှူးကြီးများအဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆက်လက် ဆောင်ရွက်နိုင်ကြပါစေလို့ နှစ်ဖက်စလုံးကို ဆုတောင်းပေးပါတယ်။ မျှော်လင့်ယုံကြည်ချင်ပါတယ်။

ပြည်တွင်းသတင်း

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဖွံ့ဖြိုးတိုးတက်မှုမှာ အရေးကြီး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Myanmar Software Showcase 2015 ၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၃

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့က ဦးဆောင်ကျင်းပလျက်ရှိသည့် Myanmar Software Showcase 2015 သို့ တက်ရောက် ကြည့်ရှုအားပေးသည်။**

နိုင်ငံတော်သမ္မတသည် နံနက် ၉ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ သို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသူလေးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခန်းမအတွင်းပြသထားသော ပြည်တွင်း ကွန်ပျူတာပညာရှင်များ ရေးဆွဲထားသည့် ဆော့ဖ်ဝဲပြခန်းများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ ပြသထားသည့် မောင်းသူမဲ့လေယာဉ် သုတေသနပြခန်း၊ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တို့မှ ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်း ကွန်ပျူတာပညာရှင်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ၌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ခေတ် နည်းပညာ၏ တိုးတက်မှုများသည် အံ့မခန်းနိုင်အောင် တိုးတက်မြင့်မားနေပြီဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဖွံ့ဖြိုးတိုးတက်မှုမှာအရေးကြီးပြီး နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ခေတ်မီသည့် IT ပညာရပ်များလိုအပ်ပါကြောင်း၊ နည်းပညာနောက်ကျလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေမည်ဖြစ်ပါကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်စေရန် ကြိုးစားဆောင်ရွက်နေသည့်အချိန်တွင် မိမိတို့အနေဖြင့် အေးချမ်းသာယာအောင် ဆောင်ရွက်လျက်ရှိပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းသား ကျောင်းသူများက နည်းပညာပိုင်းဆိုင်ရာများကို တတ်မြောက်အောင် ကြိုးစားသင်ယူကြစေလိုကြောင်း၊ တီထွင်ကြံဆမှုများကို အမြဲတမ်းစဉ်းစား ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏စိတ်ကူးများ တီထွင်ကြံဆမှုများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်လိုအပ်ပါကြောင်း၊ မိမိတို့၏ တီထွင်ကြံဆမှုများသည် မြန်မာနိုင်ငံသားများအတွက်သာမက ကမ္ဘာ့လူသား အားလုံးအတွက် ရည်ရွယ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မကြာမီ ကျရောက်တော့မည့် နှစ်သစ်ကူးအတာသင်္ကြန် အခါသမယတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံး ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် ပြည်တွင်းကွန်ပျူတာ ပညာရှင်များဖြစ်ကြသည့် ဦးသောင်းစုငြိမ်း၊ ဦးဇော်မင်းဦး၊ ဦးသာထက်၊ ဦးရဲမြတ်သူနှင့် ဒေါက်တာ ထွန်းသူရသက်တို့က **"လူငယ်နှင့် အခွင့်အလမ်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဦးစိုးသိန်း၊ ဦးမြတ်ဟိန်း၊ ဦးလှထွန်း၊ ဦးရဲထွဋ်၊ ဒေါက်တာကိုကိုဦးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပညာရှင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏ ရေရှည် မျှော်မှန်းချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်ရေးအတွက် ကျောင်းသားလူငယ်များ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍ၊ နိုင်ငံတော်၏ ရေတိုမျှော်မှန်းချက်(၃)ရပ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် ရေရှည်တည်တံ့ပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိရန်၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ(LDC)အဖြစ်မှ လွတ်မြောက်ရန်၊ အလယ်အလတ်ဝင်ငွေရှိသည့်နိုင်ငံအဖြစ် ရောက်ရှိရန်တို့နှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ကျောင်းသားလူငယ်များ၏ ဆောင်ရွက်ရန်လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

၎င်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် တီထွင်ထုတ်လုပ်ထားသည့် UAV မောင်းသူမဲ့လေယာဉ်ငယ် စမ်းသပ်ပျံသန်းမှုအား ကြည့်ရှုအားပေးသည်။

ယနေ့ ဟောပြောပွဲတွင် ကွန်ပျူတာပညာရှင်များ ဖြစ်ကြသည့် ဒေါက်တာသင်းလဲ့လဲ့သိန်းက **"ပထဝီဒေသအနေအထားပြ သတင်းအချက်အလက်စနစ်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ချောခင်ခင်က **"ICT အလုပ်အကိုင် အခွင့်အလမ်းများ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးသောင်းစုငြိမ်းက **"လူမှုကွန်ရက် မီဒီယာဆိုင်ရာအချက်အလက်များ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာထွန်းသူရသက်က **"နည်းပညာဆိုင်ရာလျင်မြန်စွာပြောင်းလဲမှုများ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးရဲကျော်သိန်းက **"သတင်းလုံခြုံမှုစနစ်"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးလင်းလင်းကိုက **"ခေတ်သစ်မိုဘိုင်း ဆက်သွယ်မှုစနစ်"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

ယခုပြပွဲတွင် IT Industry သည် တိုင်းပြည်၏ ဂျီဒီပီကိုတိုးတက်အောင် စွမ်းဆောင်နိုင်သည့် စီးပွားရေးကဏ္ဍတစ်ခုဖြစ်လာစေရန်နှင့် မြန်မာနိုင်ငံ၏ ဆော့ဖ်ဝဲထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့နိုင်ပြီး IT အသုံးချဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှုပေးသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

ယခုပြပွဲတွင် မြန်မာနိုင်ငံမှ Software Industry မှ စွန့်ဦးတီထွင်လူငယ် (၃၉)ဖွဲ့နှင့် IT ကုမ္ပဏီ (၂၁) ခုတို့မှပါဝင်ပြသလျက်ရှိပြီး ပြခန်းများတွင် ကျန်းမာရေး၊ ပညာရေး၊ ဘဏ္ဍာရေး၊ e-Commerce၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားအမျိုးအစားများကို ပြသထားကြောင်း သိရသည်။

ထို့ပြင် ပြပွဲသို့ ဝင်ရောက်ပြသသည့် လူငယ်များအတွက် စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးပြီး အောင်မြင်သည့်စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ကူးပြောင်းနိုင်ရန်၊ ပြပွဲသို့ လာရောက်ကြည့်ရှုကြသူများနှင့် ပြသသူများအကြား နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများရရှိစေရန်နှင့် လူငယ်များ၏ ဆော့ဖ်ဝဲတီထွင်ရေးသားမှုများ၊ ကြိုးစားအားထုတ်မှုများ၊ နည်းပညာအသစ်အဆန်းများကို အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ လေ့လာကြည့်ရှုသုံးစွဲနိုင်စေရန် ရည်ရွယ်ပြသခြင်းဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာ-လာအိုချစ်ကြည်ရေးတံတား မကြာမီဖွင့်လှစ်တော့မည်

**နေပြည်တော် မေ ၃**

မြန်မာ-လာအို ချစ်ကြည်ရေးတံတားဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးအဆင့် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂ ရက် နံနက် ၈ နာရီက မြန်မာနိုင်ငံဘက်ကမ်းတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Dr. Bounchan Sinthavong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တံတားစီမံကိန်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှစ်နိုင်ငံဝန်ကြီးအဆင့် လက်မှတ်ရေးထိုးပွဲကို မြန်မာနိုင်ငံဘက်ကမ်းရှိ တံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး H.E. Dr. Bounchan Sinthavong တို့က လက်မှတ်ရေးထိုးသည်။

**(သတင်းစဉ်)**

## အစိုးရဝန်ကြီးဌာနများသို့ရောင်းချသော စက်သုံးဆီဈေးနှုန်းလျှော့ချမည်

**နေပြည်တော် မေ ၃**

စွမ်းအင်ဝန်ကြီးဌာနမှ ဒေသန္တရရေနံချက်လုပ်ခြင်းနှင့် အစိုးရဝန်ကြီးဌာနများသို့ ရောင်းချသော စက်သုံးဆီဈေးနှုန်း လျှော့ချရောင်းချခြင်းဆိုင်ရာ သတင်းထုတ်ပြန်ခြင်းအခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)နေပြည်တော်၌ မေ ၃ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေဇင်ထွန်း ဦးဆောင်သော သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ သတင်းထုတ်ပြန်ရှင်းလင်းခြင်းနှင့် သတင်းမီဒီယာသမားများ၏ မေးမြန်းချက်တို့အား ဖြေကြားခဲ့သည်။ ယင်းအခမ်းအနားသို့ ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာသမား ၂၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ထပ်မံခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁/၂၀၁၅)**
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ထပ်မံခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၈)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ထပ်မံခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးအင်ဖော်နော်
(၂) ဦးစိုင်းခမ်းဝင်း
(၃) ဦးစောဘလှိုင်
(၄) ဦးဟာကီး
(၅) ဒေါက်တာမောင်မောင်ကြည်
(၆) ဦးစိုင်းနွံတောင်း
(၇) ဦးစိုင်းထွန်းသိန်း
(၈) ဒေါက်တာစိုင်းစံဝင်း

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင် ဖွဲ့စည်းခြင်း

**နေပြည်တော် မေ ၃**

ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်ကို ပညာရှင်များ၊ ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/ ၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာချက်နှင့်အညီ အဖွဲ့ဝင် ကိုးဦးပါဝင်သော **"ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်"**ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၁/၂၀၁၅)ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

မပျောက်ပျက်အောင် ထိန်းသိမ်းပြီး ယဉ်ကျေးမှုအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်၊ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် အစိတ်ပိုင်းတစ်ရပ်အဖြစ် ပါဝင်ရန်၊ ပြည်တွင်းနှင့် နိုင်ငံရပ်ခြား အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အင်စတီကျူးရှင်းများ၏ အကူအညီရယူ၍ ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ကြောင်း။

ရည်ရွယ်ချက်များ အတိုင်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ပျက်စီးမှုအန္တရာယ်စိုးရိမ်ရသော အမွေအနှစ်များ စာရင်းထဲတွင် ထည့်သွင်းခံထားရသည့် အန်းကောဒေသအား ၂၀၀၄ ခုနှစ်တွင် အဆိုပါစာရင်းမှ ထုတ်ပယ်နိုင်ခဲ့ကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် Run Ta Ek အမည်ရှိ သဘာဝအခြေခံကျေးရွာ တစ်ရွာကိုလည်း မြေဟက်တာ ၁၀၀၀ သီးသန့်ဖော်ထုတ်၍ တည်ထောင်ပေးခဲ့ပြီး လက်မှုပညာနှင့် ရိုးရာအစဉ်အလာကို ဖော်ပြနိုင်ခြင်းကြောင့် ခရီးသွားများ စိတ်ဝင်စားမည့်လုပ်ငန်းများကိုလည်း ဖန်တီးပေးနိုင်ခဲ့ကြောင်း။

စိုက်ပျိုးရေးနှင့် လက်မှုပညာဗဟိုပြုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီများ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် အစိမ်းရောင်နယ်မြေစီမံကိန်း၊ မဟာအန်းကောစီမံကိန်း၊ ယဉ်ကျေးမှုများနှင့် နေထိုင်ခြင်းစီမံကိန်း၊ ယဉ်ကျေးမှုဆိုင်ရာများ စီမံခန့်ခွဲခြင်းဆိုင်ရာ စီမံကိန်းများကိုလည်း ဇုန်လေးခုဖြင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းတို့မှာ ဘုရားကျောင်းတည်ရှိရာ နယ်မြေအား ဇုန်(၁)အဖြစ်လည်းကောင်း၊ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ထိန်းသိမ်းထားသည့်နေရာများအား ဇုန်(၂)အဖြစ် လည်းကောင်း၊ ယဉ်ကျေးမှုဆိုင်ရာ အကာအကွယ်ပြုထားသည့် မြေယာရှခင်းများအား ဇုန်(၃)အဖြစ်လည်းကောင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ၊ မနုဿဗေဒဆိုင်ရာနှင့် သမိုင်း အထောက်အထားဆိုင်ရာ စိတ်ဝင်စားဖွယ်နေရာများအား ဇုန်(၄)အဖြစ်လည်းကောင်း အသီးသီး သတ်မှတ်ထားကြောင်း။

အန်းကော ဒေသတစ်ဝိုက်ရှိ သစ်တောများ စိမ်းလန်းစိုပြည်ရေး၊ တရားမဝင်သစ်ခုတ်မှုများ ကာကွယ်ရေးတို့ကိုလည်း စီမံကိန်းများချမှတ်၍ တင်းကျပ်စွာ တားမြစ်ခဲ့ကြောင်း၊ ထိုသို့ ကြိုးပမ်းအားထုတ်မှုများကြောင့် ခရီးသွားများအတွက် ရှေးဟောင်းအမွေအနှစ် လေ့လာရုံသာမက သဘာဝအခြေခံခရီးသွားခြင်းကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ခမာလူမျိုးတို့၏ လူနေမှုနှင့် ယဉ်ကျေးမှုများကိုပါ လေ့လာနိုင်ခြင်းနှင့် လုံခြုံမှုအပြည့်အဝရှိသော ဒေသတစ်ခုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်း၍ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီးတို့သည် ဒုတိယဝန်ကြီးချုပ်နှင့်ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ အန်းကောဝပ်ဘုရားကျောင်းနှင့် ဆီယမ်ရိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Bayon ဘုရားကျောင်း၊ Ta Prohm ဘုရားကျောင်းနှင့် မဲခေါင်-ဂင်္ဂါရိုးရာ အထည်အလိပ်ပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ဆီယမ်ရိမှ ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ရာ မြန်မာနိုင်ငံသို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး မဲခေါင်-ဂင်္ဂါရိုးရာ အထည်အလိပ် ပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)



# ဒုတိယသမ္မတဦးညဏ်ထွန်းနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ



**ရန်ကုန် မေ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(ဓာတ်ပုံ)**

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာဆင်းဗန်ဗု၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာအင်သာ စုန်သီရာကူးလ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်ဇနီးနှင့်အတူ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဦးမော်သာထွေးနှင့် ဒေါ်စန္ဒာခင်၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)**
**၁၃၇၆ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁တွင်-
(က) **''သတ်မှတ်ရာခိုင်နှုန်းအတိုင်း''** ဆိုသည့် စကားရပ်အစား **''သတ်မှတ်ရာခိုင်နှုန်းသို့မဟုတ် သတ်မှတ်ငွေပမာဏအတိုင်း''** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(စ) **ပြေစာ** သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန် အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာ ရာခိုင်နှုန်း ပေးဆောင်စေရမည့်အပြင် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါ ငွေပမာဏကိုပါ ပေးဆောင်စေရမည်-
(၁) ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် နှစ်သိန်း၊
(၂) ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊
(၃) တတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ခုနစ်သိန်း၊
(၄) တတိယအကြိမ်အထက်ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင် ကျပ်တစ်ဆယ်သိန်း။"

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဃ) နောက်တွင် ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"(င) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လုံလောက်သော အကြောင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။"

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၄ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"၃၄။ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအားထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် အထောက်အထားဖြင့်သတင်းပေးတင်ပြသူအား ပုဒ်မ ၂၁၊ပုဒ်မခွဲ(စ)အရ ကျသင့်အခွန်၏ တစ်ရာ ရာခိုင်နှုန်းဖြစ်သော ဒဏ်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းအပြင် အကြိမ်အလိုက် ပျက်ကွက်ခြင်းအတွက် ဒဏ်တပ်ရိုက်သည့် ဒဏ်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်း မပြုရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်း

**၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)**
**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေဟုခေါ်တွင်စေရမည်။
(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် -
(၁) အခန်း (၅)၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။
(၂) အခန်း (၆)၊ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-
(ကက) ဤဥပဒေ ပုဒ်မ ၁၉ ပါ လစာမှဝင်ငွေနှင့် ပုဒ်မ၂၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။
( ခခ ) ကျန်ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ၂၀၁၅- ၂၀၁၆ ဝင်ငွေနှစ်မှစ၍အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **အခွန်အကောက်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်တို့ကို ဆိုသည်။
(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသည့် အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို ဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။
(င) **နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကိုဆိုသည်။

**အခန်း(၂)**
**ကောက်ခံရန်အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် ဤဥပဒေ၏ ဇယား(၁) ပါအခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

**အခန်း(၃)**
**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ ဤဥပဒေ၏ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနသည် ကောက်ခံရန်အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ဤဥပဒေပါအခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းဆောင်ရွက်လိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့်သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**အခန်း(၄)**
**သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်**

၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်များ ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၁၀။ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက်လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကိုရယူနိုင်သည်။

**အခန်း (၅)**
**ကုန်သွယ်လုပ်ငန်းခွန်**

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) မည်သူမဆို အောက်ဖော်ပြပါပုဒ်မခွဲ (ခ)နှင့်(ဂ)တို့တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှအပ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။
(ခ) အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့်ကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ပြည်တွင်း၌ထုတ်လုပ်သည့်ကုန်စည်ဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည်-

**အထူးကုန်စည်များ**

| စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁ | စီးကရက်။ | ၁၂၀ |
| ၂ | ဆေးရွက်ကြီး။ | ၆၀ |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | ၆၀ |
| ၄ | ဆေးပေါ့လိပ်။ | ၆၀ |
| ၅ | ဆေးပြင်းလိပ်။ | ၆၀ |
| ၆ | ဆေးတံသောက်ဆေးများ။ | ၆၀ |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | ၆၀ |
| ၈ | အရက်အမျိုးမျိုး။ | ၆၀ |
| ၉ | ဘီယာအမျိုးမျိုး။ | ၆၀ |
| ၁၀ | ဝိုင်အမျိုးမျိုး။ | ၅၀ |
| ၁၁ | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသောသစ်ခွဲသားများ။ | ၂၅ |
| ၁၂ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၅ |
| ၁၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၅ |
| ၁၄ | Double Cab 4 Door Pick Up မှအပ 1800 CC အထက်ဗင်ကားများ၊ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | ၂၅ |
| ၁၅ | ဓာတ်ဆီ၊ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | ၁၀ |
| ၁၆ | သဘာဝဓာတ်ငွေ့။ | ၈ |

(ဂ) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုး သို့မဟုတ် ဝန်ဆောင်မှုတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည် /ဝန်ဆောင်မှု အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ပြောင်းမှုန့်များ၊ အခြားနှံစား သီးနှံမှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊ သကြား။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |

*ဆက်လက်ဖော်ပြပါမည်*

ပြည်တွင်းသတင်း

# “တယ်လီဖုန်းတွေ၊ အင်တာနက်တွေလည်းပေါ်လာတဲ့အတွက် လေ့လာကျက်မှတ်ရတာအရင်ထက်ပိုပြီး အဆင်ပြေသွားပါတယ်”

**နည်းပညာဆာလောင်မှုနောက် တကောက်ကောက်လိုက်နေသည့် ယနေ့ခေတ်လူငယ်တို့အဖို့ Myanmar Software Showcase 2015 သည် ရေငတ်တုန်းရေတွင်းထဲကျသကဲ့သို့ ဖြစ်ခဲ့ရသည်ဟု ဆိုရပေလိမ့်မည်။ ပညာရှင်တို့ အဆိုအမိန့်အရ ကာယလုပ်အားထက် ဉာဏလုပ်အားမှာ ပိုမိုထိရောက်သည်ဆိုသည်ကို ၂၀ ရာစု စက်မှုလုပ်ငန်းများက သက်သေပြခဲ့ပြီ ဖြစ်သည်။**

၂၁ ရာစု နည်းပညာခေတ်တွင် ယခင်ကလိုမဟုတ်တော့ဘဲ ဉာဏလုပ်အား တစ်နည်းဆိုရသော် နည်းပညာအသုံးပြုသည့် လုပ်အားက ပိုမိုကြောင်းကို နည်းပညာကို အခြေခံသည့် လူသုံးကုန်ပစ္စည်းများ၏ တန်ဖိုးက သက်သေခံခဲ့ပြီးဖြစ်သည်။

ဖွံ့ဖြိုးပြီးကမ္ဘာ့နိုင်ငံများသည် တိုင်းပြည်၏ သဘာဝအရင်းအမြစ်ကို အသုံးပြု၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းထက် နည်းပညာကို အခြေခံသည့်တန်ဖိုးမြင့် ပစ္စည်းများထုတ်လုပ်ခြင်းဖြင့် တိုင်းပြည်၏ စီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေသည်ကို တွေ့မြင်နေရသည့်အတွက် မိမိတို့နိုင်ငံအဖို့ အသစ်အသစ်သော နည်းပညာများကို ဖော်ထုတ်နိုင်ရန်လိုပေလိမ့်မည်။

သို့ဖြစ်၍ ပြည်တွင်းကွန်ပျူတာပညာရှင်များက ပညာရေးကဏ္ဍတွင် အိုင်စီတီနည်းပညာများကို အပြည့်အဝအသုံးချနိုင်စေရန်၊ အိုင်စီတီနယ်ပယ်တွင် ထူးချွန်ထက်မြက်သော ပညာရှင်များပေါ်ပေါက်လာစေရန်၊ အိုင်စီတီနည်းပညာကို လေ့လာလိုက်စားကြသော ကျောင်းသားလူငယ်များအတွင်း တီထွင်ဖန်တီးခြင်းများ ပိုမိုတိုးတက်လာစေရန်၊ သင်ကြားရေးအထောက်အကူပြု ပရိုဂရမ်များ ထွက်ပေါ်လာစေရန်နှင့် နိုင်ငံအတွင်းနေရာဒေသအသီးသီးတွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေပြီး အသုံးချမှုနယ်ပယ်ကျယ်ပြန့်လာစေရန် ရည်ရွယ်ကျင်းပခဲ့သည့် ယခုပြပွဲသို့လာရောက်လေ့လာကြသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်။

**မဆွေဇင်နှင်း**
**Network အင်ဂျင်နီယာ၊**
**သတင်းအချက်အလက်နှင့်**
**ဆက်သွယ်ရေးနည်းပညာ**
**သင်တန်းကျောင်း (လှိုင်)**

အခုလိုမျိုးပြပွဲတွေ ဖြစ်လာဖို့ အများကြီးမျှော်လင့်ထားပါတယ်၊ ကျောင်းတွေမှာလည်း ဒီလိုပြပွဲတွေ ဖြစ်လာဖို့ကိုလည်း အများကြီး မျှော်လင့်ထားပါတယ်။ ဘဝမှာလည်း ခုလိုမျိုး နိုင်ငံတော်အဆင့်ပြပွဲကို ကျောင်းသူ တစ်ယောက်အနေနဲ့ ပထမဆုံးတက်ဖူးတာပါ။ ဒါကြောင့်



မဆွေဇင်နှင်း

ဒီလိုပြပွဲမျိုးတွေ ဖြစ်လာတာ အလွန်လည်းဝမ်းသာပါတယ်။ နောက်နောင်မှာလည်း ဒီလိုမျိုးပြပွဲတွေ အများကြီးပြသနိုင်ပြီးတော့ ကျောင်းသူကျောင်းသားတွေကို တက်ရောက်ခွင့်ရအောင် ဖိတ်ကြားပေးဖို့လည်း အများကြီးမျှော်လင့်ထားပါတယ်။

ဒီလိုမျိုးပြပွဲတွေက လက်ရှိ ကျောင်းသား ကျောင်းသူတွေအတွက် လိုအပ်သလို နောင်မျိုးဆက်သစ်တွေအတွက်လည်း အလွန်လိုအပ်ပါတယ်။ မနေ့ကလည်း ဖိုရမ်သုံးခုတက်ခဲ့ပါတယ်။ အဲဒီဖိုရမ်တွေမှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ပါဝင်ဆွေးနွေးခဲ့ပါတယ်။

ဒီနေ့ဆွေးနွေးပွဲမှာတော့ နိုင်ငံတော်သမ္မတကြီးလည်း တက်ရောက်တဲ့အပြင် ကွန်ပျူတာပညာရှင်တွေ တက်ရောက်ဆွေးနွေးတဲ့ လူငယ်နဲ့ အခွင့်အလမ်းဆိုတဲ့ ဆွေးနွေးပွဲမှာ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ ဒီနေ့



မောင်အောင်ကောင်းမြတ်

ဆွေးနွေးခဲ့တဲ့ ဆော့ဖ်ဝဲတွေက ခုလောလောဆယ်တော့ မြန်မာနိုင်ငံရဲ့ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အလွန်ကိုအရေးကြီးပါတယ်။

ခုလို ကိုယ်အထင်ကြီးအားကျခဲ့တဲ့ စီနီယာပညာရှင်တွေက သူတို့ရဲ့ အတွေ့အကြုံတွေကို ပေါ့ပေါ့ပါးပါးပြန်လည်ဝေမျှကြတဲ့အတွက် ယုံကြည်မှုတွေ တိုးပွားခဲ့ပါတယ်။ နောင်မှာလည်း ခုလိုပြပွဲတွေကျင်းပတဲ့အခါ ကိုယ်ကိုယ်တိုင်လုပ်ပြနိုင်တဲ့ အခြေအနေရောက်အောင် ကြိုးစားသွားမှာပါ။ ဒီလိုပြပွဲကြီးကို တက်ရောက်ခွင့်ရတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ နောင်ကျင်းပမယ့် ပြပွဲတွေမှာလည်း ကျောင်းသားကျောင်းသူတွေကို တက်ရောက်ခွင့်ရအောင် ဖိတ်ကြားပေးဖို့ မျှော်လင့်ပါတယ်။

**မောင်အောင်ကောင်းမြတ်**
**အင်ဂျင်နီယာ**
**နည်းပညာတက္ကသိုလ် (တောင်ကြီး)**

နိုင်ငံတော်သမ္မတကြီးနဲ့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်တွေ အကုန်လုံးက စုပေါင်းပြီး ဆော့ဖ်ဝဲပြပွဲကြီးကို လုပ်ပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေအတွက် ဗဟုသုတအများကြီးရပါတယ်။ အဲဒီလိုလုပ်ပေးလို့ အလွန်ကျေးဇူးတင်ပါတယ်။ နောက်နောင်လည်း ဒီလိုပြပွဲမျိုးတွေ ခဏခဏလုပ်ပေးစေချင်ပါတယ်။

ဒီနေ့ပြပွဲမှာ ဆော့ဖ်ဝဲနဲ့ပတ်သက်တဲ့ ကုမ္ပဏီအစုံကိုတွေ့ရပါတယ်။ နောက်ပြီးပညာရှင်တွေလည်း လာပြီးဟောပြောပါတယ်။ ကျွန်တော်က Network အင်ဂျင်နီယာဖြစ်လို့ လုံခြုံရေးပိုင်းကို ပိုပြီးစိတ်ဝင်စားပါတယ်။ ဒါကြောင့် လုံခြုံရေးပိုင်းဆိုင်ရာတွေကိုပဲ ပါဝင်ဆွေးနွေးခဲ့ပါတယ်။



မသန္တာအောင်

ဒီနေ့ဆွေးနွေးပွဲကို တက်ရောက်ခွင့်ရလို့ အောင်မြင်တဲ့လုပ်ငန်းရှင်တွေနဲ့တွေ့ခွင့်ရပြီးတော့ သူတို့ရဲ့ အတွေ့အကြုံတွေကို သိရှိခွင့်ရတဲ့အတွက်လည်း ကျွန်တော်တို့အတွက် အားတက်စရာ၊ အတုယူစရာတွေ ရရှိခဲ့ပါတယ်။ သူတို့လို အောင်မြင်တဲ့ လုပ်ငန်းရှင် တစ်ယောက်၊ ပညာရှင်တစ်ယောက်ဖြစ်အောင်ကြိုးစားသွားမှာပါ။

**မသန္တာအောင်၊ မဟာတန်း**
**မန္တလေးကွန်ပျူတာတက္ကသိုလ်**

ဒီပြပွဲကို ကြည့်လိုက်မယ်ဆိုရင် တိုးတက်နေတဲ့နည်းပညာတွေကို သိလာရတယ်။ သင်ယူရမယ့်ဟာတွေကိုလည်း သိလာရတယ်။ ဗဟုသုတအနေနဲ့ကတော့ သမီးကရှေ့နှစ်ဆို စာတမ်းလုပ်ရတော့မယ်။ စာတမ်းနဲ့ပတ်သက်ပြီး အင်ဂျင်နီယာ ဆော့ဖ်ဝဲပိုင်းတွေကိုလည်း သိရပါတယ်။ နောက်ထပ်လိုက်ရမယ့် ပညာရပ်တွေကိုလည်း သိလာရပါတယ်။ ဒီပြပွဲကြီးက သမီးတို့လို ကျောင်းသား၊ ကျောင်းသူတွေအတွက် များစွာဗဟုသုတရစေပါတယ် ဟုပြောသည်။

**မနှယ်နီအောင်၊ သင်တန်းသူ**
**သတင်းအချက်အလက်နှင့်**
**ဆက်သွယ်ရေးနည်းပညာဆိုင်ရာ**
**သင်တန်း**

တောင်ငူနည်းပညာတက္ကသိုလ်ကနေ ME(EC)နဲ့ ကျောင်းပြီးခဲ့ပါတယ်။ အခုတော့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်း



မနှယ်နီအောင်

ပညာသင်တန်းကျောင်း(လှိုင်) မှာ Network သင်တန်းပြီးလို့ ဒီကိုလာတာပါ။ ဒီပြပွဲကအသုံးအများကြီးဝင်ပါတယ်။ သမီးလိုကျောင်းပြီးသွားတဲ့သူတွေ ဘယ်လိုင်းကိုလိုက်လို့ရမယ်ဆိုတာရယ်၊ ဘာတွေလုပ်ရမယ်ဆိုတာအတိအကျမသိပါဘူး။ ဒီကိုလာလိုက်တော့ သိသွားတယ်။ ကိုယ်ဘယ်လိုင်းကိုလိုက်ရမယ်ဆိုတာလည်း သိသွားတယ်။ ကိုယ်တတ်တဲ့ဆော့ဖ်ဝဲနဲ့ဘယ်အပိုင်းတွေ ရေးလို့ရမယ်ဆိုတာသိသွားတာပေါ့။ သင်ထောက်ကူ အပိုင်းမှာလည်း ကျောင်းမှာသင်ထားတာနဲ့ အပြင်မှာ ပြတဲ့အပိုင်းတွေ မတူတာတွေရှိ

## ကိုခန့်၊ ဆော့ဖ်ဝဲရေးသားသူ

တယ်၊ အဲဒါတွေလေ့လာခွင့်ရတာပေါ့၊ ဒီပွဲကို နိုင်ငံတော်သမ္မတကြီး တက်ရောက်အားပေးပြီး သမီးတို့နဲ့ ရင်းရင်းနှီးနှီးနှုတ်ဆက်တယ်။ ရောက်တုန်း လေ့လာရေးခရီးလည်းပို့ပေးမယ်ပြောသွားတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်ဟု ပြောပြခဲ့သည်။

**ကိုခန့်၊ ဆော့ဖ်ဝဲရေးသားသူ**

ကျွန်တော်တို့အဓိကရေးသားတာကတော့ ၉ တန်း၊ ၁၀တန်းတွေအတွက် သင်ရိုးကုန်သိပ္ပံဘာသာရော၊ ဝိဇ္ဇာဘာသာရော ကျောင်းသားတွေအနေနဲ့ ဖတ်စာအုပ်တင်မက ဘဲ မိုဘိုင်း Lap Top တွေနဲ့ပါ



ကိုခန့်

စာသင်ပြီးတော့ ဖတ်ရှုလေ့လာကျက်မှတ်နိုင်အောင် ပြုစုပေးထားပါတယ်။အရင်တုန်းကဆိုရင် ကျောင်းသားတွေ ဖတ်စာအုပ်တွေနဲ့ ကျက်မှတ်ရပါတယ်။ အခုဆိုရင် တယ်လီဖုန်းတွေ၊ အင်တာနက်တွေလည်း ပေါ်လာတဲ့အတွက် လေ့လာကျက်မှတ်ရတာအရင်ထက်ပိုပြီး အဆင်ပြေသွားပါတယ်။ သင်ထောက်ကူမှာဆိုရင် သင်ရိုးဖတ်စာအုပ်အပြင် အထောက်အကူဖြစ်စေမယ့် အထောက်အထားကို အလွယ်တကူရစေနိုင်ပါတယ်ဟု ပြောပြခဲ့သည်။

**ထွန်းဝင်းနိုင်၊ မျိုးမြင့်**
**ဓာတ်ပုံ-ရွှေကိုကိုလေး**

အထင်ကြီးအားကျခဲ့တဲ့စီနီယာပညာရှင်တွေက သူတို့ရဲ့အတွေ့အကြုံတွေကို ပေါ့ပေါ့ပါးပါးပြန်လည်ဝေမျှကြတဲ့အတွက် ယုံကြည်မှုတွေ တိုးပွားခဲ့ပါတယ်။

အောင်မြင်တဲ့လုပ်ငန်းရှင်တွေနဲ့ တွေ့ခွင့်ရပြီးတော့ သူတို့ရဲ့ အတွေ့အကြုံတွေကို သိရှိခွင့်ရတဲ့အတွက် ကျွန်တော်တို့အတွက် အားတက်စရာ၊ အတုယူစရာတွေရရှိခဲ့ပါတယ်။

ဒီပြပွဲကြီးက ကျောင်းသား၊ ကျောင်းသူတွေအတွက် များစွာ ဗဟုသုတရစေပါတယ်။

ကျောင်းပြီးသွားတဲ့သူတွေ ဘယ်လိုင်းကို လိုက်လို့ရမယ်ဆိုတာရယ်၊ ဘာတွေလုပ်ရမယ်ဆိုတာ သိသွားတယ်။ ဒီပွဲကို နိုင်ငံတော်သမ္မတကြီး တက်ရောက်အားပေးပြီး သမီးတို့နဲ့ ရင်းရင်းနှီးနှီး နှုတ်ဆက်တယ်။ ရောက်တုန်း လေ့လာရေးခရီးလည်းပို့ပေးမယ်ပြောသွားတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။

တယ်လီဖုန်းတွေ၊ အင်တာနက်တွေလည်း ပေါ်လာတဲ့အတွက် လေ့လာကျက်မှတ်ရတာ အရင်ထက်ပိုပြီး အဆင်ပြေသွားပါတယ်။


**ပြည်ထဲရေးဝန်ကြီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **မြန်မာနိုင်ငံရဲတပ်ဖွဲ့။** နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အားလုံး။

(ခ) **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
(၁) ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်
(၂) နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်

(ဂ) **အကျဉ်းဦးစီးဌာန**
(၁) ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်
(၂) ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်
(၃) မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်
(၄) နေပြည်တော်၊ဒက္ခိဏသီရိမြို့နယ်

(ဃ) **မီးသတ်ဦးစီးဌာန**
(၁) နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်
(၂) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာကို ၆-၄-၂၀၁၅ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၃-၄-၂၀၁၅ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို ရုံးအမှတ်(၁၁)၊ပြည်ထဲရေးဝန်ကြီးဌာနတွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါတင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ပြည်ထဲရေးဝန်ကြီးရုံး ဖုန်း-၀၆၇-၄၁၂၄၃၆၊၀၆၇-၄၁၂၄၃၇
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၄၁၂၁၃၈၊၀၆၇-၄၁၂၂၅၈
(ဂ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၁၂၅၂၈၊၀၆၇-၄၁၂၀၇၄
(ဃ) အကျဉ်းဦးစီးဌာန ဖုန်း-၀၆၇-၄၃၁၄၁၆၊၀၆၇-၄၃၁၄၂၀
(င) မီးသတ်ဦးစီးဌာန ဖုန်း-၀၁-၆၆၁၅၄၄၊၀၁-၆၆၄၇၅၄

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**



ရွှေထူးလွင် ချောင်းသာ (ဓားတညံ့ခြိမ်း) ၃၀၀၀၀/-၊ (ဖော်တင်ရှင်း) (ငွေဆောင်) သင်္ကြန်ခရီးစဉ်များ ကြိုတင်လက်မှတ်ရောင်းပြီ။ ရွှေစက်တော် (၃) ရက်၊ ပုဂံ (ဖွယ်တော်လေးဆူ)၊ ပုပ္ပါး (၃/၅) ရက်၊ အလောင်းတော်ကဿပ (၃/၆) ရက်၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ မိုးကုတ် (၅/၇) ရက်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကျိုက်ထီး (၄/၅/၇) ရက် အားလုံးပါ ဘုရားစုံ (၁၀/၁၂) ရက်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ (အင်းတော်ကြီး၊ မေဓာ၊ ပလိခမြစ်ဆုံ၊ မြစ်ကြီးနား) (ထားဝယ်၊ မှုဆယ်၊ ရွှေလီ)၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရာ၊ မြိတ်၊ ကန်ချုန့်ပူရီ၊ ကျိုကွမ်၊ ကျိုက်ထီးရိုး (မြဝတီ၊ မဲဆောက်)၊ အကောက်တောင်၊ ဇလွန်။ ကားစီးလုံးငှားသည်။ အိမ်အရောက် ပို့/ကြို။ April 3/10/11/12/13/17/30
အမှတ်(၄၄၄/၇)၊ မြေညီထပ်၊ ရွှေဘုံသာအထက်လမ်း။ Ph : 09450044494, 09450044496,389920



**ဂုဏ်ယူဝမ်းမြောက်ခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်အား ၁၀-၃-၂၀၁၅ရက် (စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လေးနှစ်ပြည့်နှစ်ပတ်လည်နေ့)တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ‘ဇေယျာစိမ်ထူးချွန်ဆု (တတိယဆင့်)’ ချီးမြှင့်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းဖော်ပြအပ်ပါသည်။

**တိုင်းဒေသကြီးသမဝါယမဦးစီးဌာနဝန်ထမ်းများနှင့်**
**သမဝါယမအသင်းများ**



**ပျောက်ဆုံးကြောင်း**

ကျွန်မ မဇင်မာဝင်း ၁၂/ဗဟန(နိုင်)၀၁၆၃၉၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁၀၃၀၀၄

ပြည်တွင်းသတင်း

# ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် Federal Democracy Alliance (FDA) ၏ သဘောထားထုတ်ပြန်ကြေညာချက်

**၂၀၁၅ ခုနှစ်၊ ဧပြီလ (၃) ရက်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(မူကြမ်း) (NCA)" ကို နှစ်ဖက်သဘောတူညှိနှိုင်းတိုင်ပင်ပြီး လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း သိရှိရသည့်အတွက် **ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် Federal Democracy Alliance (FDA)** အဖွဲ့ဝင်ပါတီများက ဂုဏ်ယူဝမ်းမြောက် ကြိုဆိုကြောင်းနှင့် ငြိမ်းချမ်းရေးကို အပြီးတိုင်ဆောင်ရွက်နိုင်ရန် တိုက်တွန်းနှိုးဆော်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် Federal Democracy Alliance (FDA) အဖွဲ့ဝင်ပါတီများ**

**(ဗမာပြည်သူ့ပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ကရင်ဒီမိုကရက်တစ်ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ မြို့ခေါ် ခမီပါတီ၊ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၊ ပြည်ထောင်စုဒီမိုကရေစီပါတီ၊ ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီ)**

## လျှပ်စစ်ဓာတ်အား ပြတ်တောက်မည်

၄-၄-၂၀၁၅ ရက်နေ့တွင် ရွှေပေါက်ကံ၊ ဒဂုံ(ဆိပ်ကမ်း)၊ သာကေတ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ လှိုင်၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ စမ်းချောင်း၊ ကျောက်တံတား၊ ကမာရွတ်၊ လသာ၊ အလုံ၊ မရမ်းကုန်း၊ ဗဟန်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဖောင်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ ထောက်ကြန့်၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန်အချို့တွင် နံနက် ၉နာရီမှ ညနေ ၃ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်ကြောင်းသိရသည်။ **(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)**

# ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၃**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ဂုဏ်ထူး)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၅၀ ၌လည်းကောင်း၊ ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ် စာဖြေဌာန ၂၃၈ ဌာနတို့၌လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ(ဂုဏ်ထူး)ကို စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၂၄၁ ပါးအနက် ၁၁၆ ပါး ဖြေဆိုကြသဖြင့် ၄၈ ဒသမ ၁၃ ရာခိုင်နှုန်းဖြေဆိုကြပြီး ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၅၉၂၂၇ ပါးအနက် ၄၅၅၄၀ ပါးဖြေဆိုကြသဖြင့် ၇၆ ဒသမ ၈၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**သာသနာရေးဝန်ကြီးဌာန**

**၁၃၇၆-ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲ နေ့ရက်အလိုက်ဖြေဆိုမှုအခြေအနေ**

**ရက်စွဲ၊ ၃- ၄-၂၀၁၅**

**ဖြေဆိုသည့်ကျမ်းအမည်၊ ပါဠိဂုဏ်ထူး(ဒုတိယနေ့)**

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ဓမ္မာစရိယတန်း | ၂၄၁ | ၁၁၆ | ၁၂၅ | ၄၈. ၁၃ |

**၁၃၇၆-ခုနှစ်၊ ပထမပြန်စာမေးပွဲ နေ့ရက်အလိုက်ဖြေဆိုမှုအခြေအနေ**

**ရက်စွဲ၊ ၃- ၄-၂၀၁၅**

**ဖြေဆိုသည့်ဘာသာ၊ အဘိဓမ္မတ္ထသင်္ဂဟ**

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီးတန်း | ၁၅၁၄၃ | ၁၁၆၅၉ | ၃၄၈၄ | ၇၆. ၉၉ |
| ၂။ | ပထမလတ်တန်း | ၁၄၆၂၀ | ၁၁၄၉၈ | ၃၁၂၂ | ၇၈. ၆၅ |
| ၃။ | ပထမငယ်တန်း | ၂၉၄၆၄ | ၂၂၃၈၃ | ၇၀၈၁ | ၇၅. ၉၇ |
| | ပေါင်း | ၅၉၂၂၇ | ၄၅၅၄၀ | ၁၃၆၈၇ | ၇၆.၈၉ |

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ(၃-၄-၂၀၁၅)ရက်နေ့က ပြုလုပ်သောပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး (၃၈)ဦးနှင့်ထုတ်ဝေသူသက်တမ်းတိုး (၃၅)ဦး၊ ပေါင်းလုပ်ငန်းသက်တမ်းတိုး(၇၃)ဦးအား လည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူ (၁၂)ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၇)ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်(၂)ဦး၊ အထွေထွေထုတ်ဝေခွင့် (၈)ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်းအသစ်လျှောက်ထားသူ (၂)ဦး၊ ပေါင်းလုပ်ငန်းအသစ် (၃၁) ဦးတို့အား လည်းကောင်း၊ ထုတ်ဝေလုပ်ငန်းအမည်ပြောင်း(၁)ဦး၊ ထုတ်ဝေသူ အမည်ပြောင်း (၁)ဦး၊ ထုတ်ဝေသူအမည်နှင့် လုပ်ငန်းအမည်ပြောင်း(၁)ဦး တို့အား လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။ ယခင်စိစစ်ဆဲဖြစ်သော သတင်းအေဂျင်စီအသစ်လျှောက်ထားသူ (၁)ဦးကို ယခုအပတ်တွင် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၉၃၄)ဦးနှင့် အသစ်လျှောက်ထားသူ (၁၅၅)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး(၉၃၇)ဦးနှင့်အသစ်လျှောက်ထားသူ (၃၅၉)ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ (၁၀)ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်(၂၃၉၅) စောင်အားစိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူ(၁)ဦးနှင့် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ(၁)ဦးတို့ကို အချက်အလက်များစိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**




ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

**စက်မှုဇုန်မြေ ရောင်းမည်**
တောင်ဒဂုံ ဇုန်(၂)၊ (၆၃)ရပ်ကွက်၊ ပေ(၈၀×၆၀)၊
မြေကွက်သီးသန့်
**ဖုန်း-၀၉-၈၆၂၅၅၀၀**

## အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲရေးထူးချွန်ဆု(ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးဝန်ထမ်းများမှ ညွှန်ကြားရေးမှူးနှင့် ထပ်တူဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဌာန၏အကျိုးကို ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်အောင် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးဝန်ထမ်းများ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ချင်းပြည်နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဟားခါးမြို့နယ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဝန်ထမ်းအိမ်ရာ(25'× 102'× 18'h)RC လေးခန်းတွဲနှစ်ထပ် (၄)လုံး (ရေ/မီးစနစ်အပါ)

၂။ (က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၁-၄-၂၀၁၅ရက်(ရုံးချိန်)

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၄-၂၀၁၅ ရက်၊ ညနေ ၄း၀၀ နာရီ

(ဂ) **တင်ဒါပေးသွင်းမည့်နေရာ** - ပြည်နယ်ဦးစီးမှူးရုံး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟားခါးမြို့

(**မှတ်ချက်**။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၁ ရက်(အပြီးသတ်)တည်ဆောက်နိုင်ရမည်။)

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟားခါးမြို့**
**ဖုန်း-၀၇၀-၂၂၄၂၀**

**အမည်ပြောင်း**

ဦးကျော်ကျော်ဝင်း ၁၂/သကတ(နိုင်)၁၇၆၃၂၃၏သမီး ရှမ်းပြည်မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊အထက(၁)ဆဋ္ဌမတန်း(A)မှ မရွှေယပူအေးအား ယနေ့မှစ၍ မမေမြတ်မင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေမြတ်မင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် နေဝင်းထွန်း ၁၄/ဟသတ(နိုင်)၂၉၆၆၈၄ နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၂၄၀၉၀၈၉**

## သော့တွဲပျောက်ဆုံးခြင်း

၂၆-၃-၂၀၁၅ ရက် နံနက် ၁၁း၃၀နာရီခန့်တွင် မြောက်ဒဂုံ(၇/၈)လမ်းဆုံအနီးမှ နာရေးကူညီမှုအသင်းသို့ငှားစီးခဲ့သော Taxi ပေါ်၌ သော့တွဲများပါသောပလတ်စတစ်အိတ်ငယ်တစ်အိတ် မေ့ကျန်ပျောက်ဆုံးခဲ့ပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၄၂၁၀၉၆၂၀၅၊ ၀၉-၇၃၀၇၃၂၈၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သူဇာမျိုးအေး ၁၂/သလန(နိုင်) ၁၃၉၉၁၃၏ သွင်းကုန်လိုင်စင်အမှတ် ISP 3 14- 15 27121(29/12/2014) မူရင်းမှာ သာကေတမြို့နယ်အတွင်း ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၆၂၈၉၅၈၊ ၀၉-၅၀၂၄၉၅၈**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁-၄-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို(က)ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၄) အမည်ပြောင်းတွင် ဦးစန်းယု၏ မှတ်ပုံတင်နံပါတ် ၁၃/နခန(နိုင်)၀၃၄၄၄၄အစား ဦးစန်းယု ၁၃/နခန(နိုင်)၀၅၀၅၃၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇-G၊ မြေကွက်အမှတ် ၁အက်ဖ်(က)/၁၄၊ ဧရိယာ ၀ ဒသမ ၀၇၉ ဧက၊ မြေကွက်တည်နေရာ ပြည်လမ်းနှင့် ကျွန်းတောလမ်းထောင့်၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ နှစ် ၆၀ မြေငှားဂရန် အမည်ပေါက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မြေအား ကုမ္ပဏီကိုယ်စား ဒေါ်ထွန်းပပလင်း ၁၂/အလန(နိုင်)၀၄၉၆၅၇မှ နှစ် ၆၀ မြေငှားစာချုပ်ဂရန် မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိနှင့် ၂၀၁၂ ခုနှစ်တွင် ထုတ်ယူခဲ့သော အရောင်းမြေပုံမူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနှစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အောင်ပြည့်စုံ
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

**မီးသတိပြု**

ပြည်တွင်းသတင်း

# လူသတ်မှုကျူးလွန်သူ နှစ်ရက်အတွင်းဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၃**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် လူသတ်မှုကျူးလွန်၍ မန္တလေးမြို့သို့ထွက်ပြေးတိမ်းရှောင်သူအား ရဲတပ်ဖွဲ့၏ ကြိုးပမ်းအားထုတ်မှုကြောင့် နှစ်ရက်အတွင်းဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် နံနက် ၈ နာရီက လယ်ဝေးမြို့နယ် အနောက်တောင်အရပ် နှစ်မိုင်ကွာဝေးသော ရုံးတောကျေးရွာ၌ ၎င်းရွာတွင်နေထိုင်သော ဦးထွန်းထွန်းနိုင်သည် ရွာ၏တောင်ဘက်ကိုက် ၃၀၀ ခန့်အကွာရှိ $V_4$ လမ်းဘေးကြက်ဟင်းခါးခင်းအနီးရေတွင်းဟောင်းထဲတွင် လူသေအလောင်းတစ်လောင်းတွေ့ရှိကြောင်း လယ်ဝေးမြို့မရဲစခန်းသို့ သတင်းပေးပို့သဖြင့် ဒုရဲမှူးစိုးမင်းသိန်းနှင့်အဖွဲ့ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူ၏ ခန္ဓာကိုယ်၌ ဘောင်းဘီအိတ်ကပ်အတွင်းမှ ၉/ပမန(နိုင်)၂၆၈၀၆၄ မှတ်ပုံတင်ကတ်ပြား တစ်ခု၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ငွေကျပ် ၈၀၀၀၀ တို့ တွေ့ရှိရပြီး အဆိုပါ မှတ်ပုံတင်နှင့်ယာဉ်မောင်းလိုင်စင်တို့အရ ပေါင်းလောင်း (၂) လမ်း ပျဉ်းမနား မြို့နေ ထိန်လင်းထွန်း (၂၃ နှစ်)ဖြစ်ကြောင်း သိရသည်။

ထိန်လင်းထွန်းအား ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးမှုအပေါ် ဦးထွန်းထွန်းနိုင်ကတရားလို ပြုလုပ်တိုင်တန်းသဖြင့် လယ်ဝေးမြို့မရဲစခန်းမှ အဆိုပါအမှုအား အဆင့်ဆင့်တင်ပြ၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးတို့က အမှုမှန်ပေါ်ပေါက်ရေး ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ ထိန်လင်းထွန်းသည် မတ် ၂၉ ရက်တွင် လယ်ဝေးမြို့ဘက်သို့ ကြွေးတောင်းရန် ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက်ရှိ အနှိပ်ခန်းတစ်ခုတွင် အလုပ်လုပ်ကိုင်သူ သူရိန်ထွန်း (ခ) ရန်ပိုင်ဖြိုး (၂၀ နှစ်) အမှတ်(၁) ရပ်ကွက် လယ်ဝေးမြို့နယ်နေသူကို ဆိုင်ကယ်ကယ်ရီလိုက်ပို့ပေးရန်အငှားခေါ်သွားကြောင်း စုံစမ်းသိရှိရသဖြင့် ရဲတပ်ဖွဲ့ဝင်များသည် လယ်ဝေးမြို့ ရုံးတောရွာတွင် ကြွေးတောင်းရန် မော်တော်ဆိုင်ကယ် ကယ်ရီခေါ်သွားကြောင်း၊ ကြွေးတောင်းသည့် အိမ်တွင်ကြွေးမရ၍ သူရိန်ထွန်းက စောင့်တောင်းရာ အချိန် ၂ နာရီထိ ကြာမြင့်သော်လည်း



သူရိန်ထွန်း (ခ)ရန်ပိုင်ဖြိုး အလုပ်လုပ်ကိုင်သော ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းမကြီးအနီးရှိ အနှိပ်ခန်းတစ်ခန်းသို့ သွားရောက်စုံစမ်းရာ မော်တော်ဆိုင်ကယ်တစ်စီးထားခဲ့ပြီး မန္တလေးမြို့ ကျွဲဆည်ကန်ကားဝင်းမြောက်ဘက် ရွှေအိမ်စည်မိုတယ်တွင် တည်းခိုရန် ထွက်သွားကြောင်း သိရ၍ နေပြည်တော်ရဲတပ်ဖွဲ့မှူးမှုခင်းအကူဌာနမှ ဒုရဲမှူး စိုးညွှန့်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် မတ် ၃၁ ရက် ညတွင်းချင်း မန္တလေးသို့ သွားရောက် ရှာဖွေရာ ကျွဲဆည်ကန်ကားကြီးဝင်းမြောက် ဘက်ဝင်ပေါက်အနီးရှိ ရွှေအိမ်စည် မိုတယ်အခန်းအမှတ်(၂၀၂)တွင် တည်းခိုနေသော သူရိန်ထွန်း (ခ)ရန်ပိုင်ဖြိုးအား ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီက ခေါ်ဆောင်လာကာ လယ်ဝေးမြို့မရဲစခန်းတွင် ဆက်လက်စစ်ဆေးခဲ့ကြောင်း။ ၎င်းက မတ် ၂၉ ရက် နံနက် ၁၁ နာရီခန့်က သေဆုံးသူ ထိန်လင်းထွန်းအား ထူးခြားမှုမရှိသည့်အတွက် ထိန်လင်းထွန်းက ဆက်လက်မစောင့်နိုင်တော့ကြောင်း ပြောဆိုရာမှ စကားများရန်ဖြစ်စဉ် သူရိန်ထွန်းက အသင့်ပါလာသော ဘောင်းဘီအိတ်ကပ်အတွင်းမှ အရိုးအသွား ရှစ်လက်မခန့်ရှိ မောင်းချဓားဖြင့် ထိန်လင်းထွန်းအား ဓားဖြင့် ထိုးခဲ့ရာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့ကြောင်း၊ အလောင်းအား အနီးရှိ ကြက်ဟင်းခါးခြံအတွင်းရှိ ရေတွင်းဟောင်းထဲသို့ ပစ်ချပြီး နှမ်းရိုးခြောက်များဖြင့် ဖုံးအုပ်ပြီး ဓားကိုတဲအနီး နွားချေးပုံအတွင်းသို့ ထိုးသွင်းဝှက်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသောကြောင့် လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသန့်၊ လယ်ဝေးမြို့မရဲစခန်းမှူး ဒုရဲမှူး စိုးမင်းသိန်းနှင့်အဖွဲ့က အခင်းဖြစ်ရာနေရာသို့သွားရောက်ပြီး ပြစ်မှုကျူးလွန်သူ ရန်ပိုင်ဖြိုးက ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အရိုးအသွား ရှစ်လက်မခန့်ရှိ သံရိုးတပ် မောင်းချဓားတစ်ချောင်းအား အခင်းဖြစ်ပွားသည့် ယာတဲမြောက်ဘက်တွင် ကပ်လျက်ရှိသည့် နွားချေးပုံအတွင်း ဝှက်ထားသည်ကို သက်သေများ၏ရှေ့တွင် လိုက်လံပြသသဖြင့် မှတ်တမ်းဓာတ်ပုံရိုက်၍ ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လယ်ဝေးမြို့မရဲစခန်းမှ ပြစ်မှုကျူးလွန်သူကို ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက် တရားရုံးသို့ အမြန်ဆုံး တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်**
**(မန်းတက္ကသိုလ်)**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ဈေးကွက်တင်ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို ဈေးများမှ ဝယ်ယူ စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းတစ်မျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ် ဓာတုပစ္စည်းပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | **Dr.JAPAN Skin Lightening Complex Nano Green Tea Active Extra Whitening & Face Lift** | ထိုင်း(ယိုးဒယား)ဘာသာစာသားများဖြင့် ဖော်ပြထားပါသည်။ | **Mercury(+)** |

၃။ အဆိုပါအလှကုန်ပစ္စည်းကို အများပြည်သူလူထု သုံးစွဲခြင်းမပြုကြရန်နှင့် ပြည်တွင်းဈေးကွက်တွင် တင်သွင်းဖြန့်ဖြူးရောင်းချနေမှုများကို တွေ့ရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ (၃)၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




**သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာမြင့်မားတိုးတက်စေရန်အတွက် APDF (Asia Pacific Dental Federation )က ကြီးမှူး၍ ဧပြီ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည့် 37 th Asian Pacific Dental Congress သို့ တက်ရောက်ရန် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပွင့်ဖူး ခေါင်းဆောင်သော အဖွဲ့ ဧပြီ ၁ ရက်က စင်ကာပူနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။**

(မြန်မာ့အလင်း)




**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန**
**(ယခင် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်)**

## အကြွေးပေးသွင်းရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနသည် (ယခင်မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်) ခြံ/စက်ရုံတာဝန်ခံများနှင့် ပြင်ပလုပ်ငန်းရှင်များအကြား သဘောတူစာချုပ်ချုပ်ဆို၍ ကြိုတင်ငွေများထုတ်ပေးထားခြင်း၊ ငါးစာများ၊ တိရစ္ဆာန်များ အကြွေးရောင်းချခဲ့ခြင်းအတွက် နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ကြွေးကျန်ငွေများ ပြန်လည်ရရှိရေးအတွက် စုစုပေါင်း (၆၃)မှုအား တရားမကြောင်းအရ တရားစွဲဆိုရေးဆောင်ရွက်နေရာမှ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိပါသည်။

၂။ တရားစွဲဆိုရေးဆောင်ရွက်လျက်ရှိသော အမှု (၆၃)မှုတွင် ဒည်းကုန်းအစာစပ်စက်ရုံသို့ ငါးစာအကြွေးပေးသွင်းရန်ရှိသော လုပ်ငန်းရှင် ဦးစန်းဝင်း ကြွေးကျန်ငွေကျပ်၁၃၀သန်း၊ ဦးစောသိန်း ကြွေးကျန်ငွေကျပ် ၉.၇၂၅သန်း၊ ဦးမြင့်ကျော် ကြွေးကျန်ငွေကျပ် ၂၄.၇၆၄သန်းနှင့် ဦးမင်းဇော်ဦး ကြွေးကျန်ငွေကျပ် ၁၉၂၉၀သန်းတို့မှာ အကြွေးအပြေအကျေပေးသွင်းပြီးဖြစ်၍ အမှုပိတ်သိမ်းရေးဆောင်ရွက်လျက်ရှိပါသည်။

၃။ အကြွေးအပြေအကျေ ပေးသွင်းရန် ကျန်ရှိသည့်အမှု(၅၉)မှုအား တရားဥပဒေနှင့်အညီ အောက်ပါအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ကြွေးကျန်လုပ်ငန်းရှင်များအား ၁၉၆၃ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ-၃အရ ဆက်လက်တရားစွဲဆိုသွားမည်ဖြစ်ပါသည်။

(ခ) ၁၉၅၁ခုနှစ် ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေအရ ကြွေးကျန်လုပ်ငန်းရှင်များ၏ ပိုင်ဆိုင်မှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

(ဂ) ဌာနအနေဖြင့် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာငွေများ၊ ပစ္စည်းများ ဆုံးရှုံးခြင်းကို ကာကွယ်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အကြွေးပေးသွင်းရန်ပျက်ကွက်သည့် ကြွေးကျန်လုပ်ငန်းရှင်များအား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၁၂၉၂၃ Honda wave NS-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်မျိုး ၆/ထဝန(နိုင်)၀၈၅၆၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## မဟာတမန်တော်မြတ် မိုဟာမ္မဒ်သခင်နေ့ အခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံအဟ်မဒီယာမွတ်စလင်အဖွဲ့ချုပ်မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာတမန်တော်မြတ် မိုဟာမ္မဒ်သခင်နေ့ အခမ်းအနားကို ၅-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ **မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမ**တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ နေရာအခက်အခဲရှိပါ၍ ကြားနာလိုသော ဓမ္မမိတ်ဆွေများအနေဖြင့် ယမန်နှစ်များကဲ့သို့ အောက်ဖော်ပြပါလိပ်စာတွင် ဖိတ်စာမှာယူနိုင်ပါကြောင်း လေးစားစွာ ပန်ကြားအပ်ပါသည်။

**မဟာတမန်တော်မြတ်နေ့**
**အခမ်းအနားကျင်းပရေးကော်မတီ**

**'သတင်းကောင်းစာပေ'** - အမှတ်(၁၉၁)၊ ၂၈လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၅၂၈၉၄၊ ၀၉-၇၃၀၉၀၀၃၇၊ ၀၉-၇၃၀၄၇၀၅၄
- ၂၉ လမ်း၊ ဖုန်း-၀၁-၃၈၄၄၄၂၊ ၀၁-၃၈၄၉၈၉
- ၃၁ လမ်း၊ ဖုန်း-၀၁-၂၄၈၂၆၆၊ ၀၁-၃၈၇၆၉၈

**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-1:00-3:00-5:00pm 27Apr
Mon to Thurs-5:30-7:00 pm 27Apr
Mon to Thurs-10:00-12:00 am 27Apr
Sat & Sun - 12:30-3:30 pm 25Apr
Sat & Sun -3:45-6:45 pm 25Apr

**Pre-Intermediate English**
Mon to Thurs-10:00-12:00 am 27Apr
Mon to Thurs-1:00-3:00 pm 27Apr
Mon toThurs 5:00-7:00 pm 27Apr
Mon toThurs 10:30-12:30 am 11 May

**Vocabulary Enrichment Course**
Sat & Sun - 10:00-12:00 am 25 Apr

**Grammar Foundation Course**
Mon to Thurs - 1:00-2:30 pm 27Apr
Mon to Thurs-10:00-12:00 am 27Apr

**Structure & Written Expression**
Sat & Sun - 12:30-3:30-6:30pm 25 Apr
Mon to Thurs-1:00-3:00pm 27 Apr
Mon to Thurs-5:30-7:00pm 27 Apr
Mon to Thurs-3:00-4:30pm 27 Apr
Mon to Thurs-4:30-6:00pm 27 Apr

**Basic Writing Course**
Sat & Sun - 12:30-3:30 pm 25 Apr
Sat & Sun - 3:45-6:45 pm 25 Apr
Mon to Thurs-10:00-12:00am 27 Apr
Mon to Thurs-3:00-4:30pm 27 Apr

TOEFL,ITLTS,SAT,API,AWC,IE

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

ပြည်တွင်းသတင်း

# လောက်ကိုင်ဒေသမှ တိုက်ပွဲကျ/ဒဏ်ရာရတပ်မတော်သားများ၊ ကျဆုံးရဲတပ်ဖွဲ့ဝင်များ၊ သေဆုံးပြည်သူများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဧပြီ ၃**

ရှမ်းပြည်နယ် မြောက်ပိုင်း လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုက်ပွဲကျ/ဒဏ်ရာရ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်တိမ်းမှောက်၍သေဆုံးခဲ့သည့် ပြည်သူများ၊ တိုက်ပွဲရှောင်ဝန်ထမ်းများနှင့် ပြည်သူများအတွက် မတ် ၂၅ ရက်အထိ ငွေသားထောက်ပံ့မှု စုစုပေါင်း ၅၁၅၈၀၀၀၀ နှင့် တန်ဖိုးငွေ ၅၀၇၀၃၉၆၉ ရှိ ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ စောင်၊ တဘက်၊ ဒန်အိုး၊ ဇလုံ၊ ခြင်ထောင်၊ ကာဘော်လိပ် ဆပ်ပြာစသည့် ပစ္စည်းများထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။ ထပ်မံ၍ ဧပြီ ၂ ရက်တွင် လောက်ကိုင်ဒေသ တိုက်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအတွက် တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် ထောက်ပံ့ငွေများလှူဒါန်းခဲ့ရာ လားရှိုးမြို့ရှိ စစ်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် တပ်မတော်သားများအတွက် ငွေကျပ် ၅၀၀၀၀၀၀၊ ပြင်ဦးလွင်မြို့ရှိ စစ်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် တပ်မတော်သားများအတွက် ငွေကျပ် ၅၀၀၆၁၀၀ လှူဒါန်းခဲ့သဖြင့် ငွေနှင့်ပစ္စည်း ထောက်ပံ့လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၁၁၂၂၉၀၀၆၉ (ကျပ်တစ်ထောင်တစ်ရာ နှစ်ဆယ့်နှစ်သိန်း ကိုးသောင်းခြောက်ဆယ့်ကိုးတိတိ) ထောက်ပံ့ခဲ့ပြီးဖြစ်သည်။ ၎င်းအပြင် နယ်မြေအေးချမ်းပြီး ပြန်လည်အခြေချနေထိုင်မည့် ဒေသခံပြည်သူများအတွက်လည်း ယာယီနေထိုင်နိုင်ရေးအတွက် မိုးကာတဲများ၊ မိုးကာလိပ်၊ မိုးကာစများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန လားရှိုးခရိုင်ဦးစီးမှူးရုံးတွင် အသင့်သိုလှောင်ထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံ၏ နှစ် (၆၀) ပြည့်မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုကျင်းပမည့် အကြိမ် (၂၀)မြောက် ကင်းထောက်များ တွေ့ဆုံပွဲ(ဂျန်ဘူရီ)သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ ကင်းထောက်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့(ယာယီ)ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် ကော်မတီဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

## ဆီးရီးယားဂျာနယ်လစ်နှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ မာဇင်ဒါဝစ်ရှ် ၂၀၁၅ ခုနှစ်အတွက်

## UNESCO / Guillermo Cano World Press Freedom ဆုရရှိ

**ပါရီ ဧပြီ ၃**

၂၀၁၅ ခုနှစ်အတွက် UNESCO / Guillermo Cano World Press Freedom ဆုရရှိသူမှာ လက်ရှိအကျဉ်းချခံနေရသော ဆီးရီးယားဂျာနယ်လစ်နှင့်လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ မာဇင်ဒါဝစ်ရှ်ဖြစ်သည်။ အဆိုပါဆုကို မေ ၃ ရက်တွင် လတ်ဗီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားအခါသမယတွင် ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

မာဇင်ဒါဝစ်ရှ်၏ မကြာခဏထိန်းသိမ်းခံရမှု၊ ညှဉ်းဆဲခံရမှု၊ ခရီးသွားပိတ်ပင်ခံရမှုစသော ဆယ်နှစ်ကျော်ကြာကိုယ်ကျိုးစွန့်မှုတို့ကို အသိအမှတ်ပြုသောအားဖြင့် လွတ်လပ်သော နိုင်ငံတကာ မီဒီယာပညာရှင်အကဲဖြတ်အဖွဲ့က ယခုနှစ် UNESCO /Guillermo Cano World Press Freedom ဆုရှင်အဖြစ် အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မီဒီယာအုပ်စုဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းမ်ဂျာနယ် ပုံနှိပ်ထုတ်ဝေသူ ဦးကိုကို ဦးဆောင်သော နိုင်ငံတကာအကဲဖြတ်အဖွဲ့က လောလောဆယ် ဖမ်းဆီးထိန်းသိမ်းခံနေရသော လူ့အခွင့်အရေးတက်ကြွသူများ၊ စာနယ်ဇင်းသမားများနှင့်အတူ မစ္စတာဒါဝစ်ရှ်ကို အမှတ်ရစေရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ရှေ့နေနှင့် စာနယ်ဇင်းလွတ်လပ်ခွင့် အားပေးထောက်ခံသူတစ်ဦးဖြစ်သူ ဒါဝစ်ရှ်သည် ၂၀၀၄ ခုနှစ်က ထူထောင်သည့် ဆီးရီးယားမီဒီယာစင်တာနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်အဖွဲ့ (CMFE) ဥက္ကဋ္ဌတစ်ဦးဖြစ်သလို Voice သတင်းစာနှင့်ဆီးရီးယားအစိုးရက ပိတ်ပင်ခဲ့သည့် လွတ်လပ်သော သတင်းဝက်ဘ်ဆိုက် Syriaview.net ထူထောင်သူများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ ဒါဝစ်ရှ်သည် ၂၀၁၁ ခုနှစ်က ပထမဦးဆုံးမဂ္ဂဇင်းဖြစ်သည့် Media Club ကိုထူထောင်ခဲ့သည်။ ဒါဝစ်ရှ်သည် ၎င်း၏လုပ်ဖော်ကိုင်ဖက်များဖြစ်သူ ဟာနီ အယ်လ်ဇီတာနီနှင့် ဟူစိန် ဂါရီယာတို့နှင့်အတူ ၂၀၁၂ ဖေဖော်ဝါရီလက ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့သည်။

များပြားလှသော ကမ္ဘာတစ်ဝန်းရှိ လူ့အခွင့်အရေးနှင့် စာနယ်ဇင်းအဖွဲ့အစည်းများသည် ဒါဝစ်ရှ်နှင့် ၎င်း၏အပေါင်းပါ စာနယ်ဇင်းသမားများ လွတ်မြောက်ရေးအတွက် တောင်းဆိုခဲ့ကြသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် ဆီးရီးယားမီဒီယာစင်တာနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်အဖွဲ့မှ အဖွဲ့ဝင်များ အပါအဝင် ဆီးရီးယားနိုင်ငံ၌ တစ်ဖက်သတ်ဖမ်းဆီးထိန်းသိမ်းခံထားရသော အကျဉ်းသားများ လွတ်မြောက်ရေးဆုံးဖြတ်ချက် ၆၇/၂၆၂ ကို ချမှတ်ခဲ့သည်။ အလားတူ ၂၀၁၄ ခုနှစ်တွင် WGAD အဖွဲ့က ဒါဝစ်ရှ်နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုခဲ့သည်။

အမေရိကန်ဒေါ်လာ ၂၅၀၀၀ ရရှိမည့် အဆိုပါဆုကို ၁၉၈၆ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ဘိုတာကိုမြို့ရှိ El Espectador သတင်းစာတိုက်ရှေ့တွင် အသတ်ခံခဲ့သည့် ကိုလံဘီယာဂျာနယ်လစ် Guillermo Cano Isaza ကို ဂုဏ်ပြုသည့်အနေဖြင့် ပေးအပ်ချီးမြှင့်လေ့ရှိသည့် ဆုတစ်ဆုဖြစ်သည်။

(ယူနက်စကို)

## ရုရှားအရှေ့ဖျားဒေသ ရုရှားငါးဖမ်းသင်္ဘောနစ်မြုပ်မှုတွင် မြန်မာနိုင်ငံသားများပါဝင်

**နေပြည်တော် ဧပြီ ၃**

ရုရှားနိုင်ငံ အရှေ့ဖျားဒေသကမ်းလွန် Okhotsk ပင်လယ်အတွင်း ရုရှားငါးဖမ်းသင်္ဘော Dalnyi Vostok သည် ဝန်ပိုတင်ဆောင်ခြင်းနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ဧပြီ ၁ ရက် ညပိုင်းတွင် နစ်မြုပ်သွားခဲ့ပြီး အဆိုပါသင်္ဘောနစ်မြုပ်မှုကို ရုရှားအရေးပေါ် ကယ်ဆယ်ရေးဝန်ကြီးဌာန (Emergencies Ministry)က ပြောကြားမှုအပေါ် RIA Novosti သတင်းဌာနက ဧပြီ ၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

နစ်မြုပ်သွားသော ငါးဖမ်းသင်္ဘော Dalniy Vostok ပေါ်တွင် သင်္ဘောသား ၁၃၂ ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး နစ်မြုပ်ချိန်တွင် သင်္ဘောသား ၆၃ ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ယင်းတွင် မြန်မာနိုင်ငံသားငါးဦးပါဝင်ကြောင်း၊ ရုပ်အလောင်း ၅၄ လောင်း ဆယ်ယူရရှိပြီး ၁၅ ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ သင်္ဘောသား ၁၃၂ ဦးတွင် ရုရှားနိုင်ငံသား ၇၈ ဦးနှင့် အခြားနိုင်ငံသား ၅၄ ဦးပါဝင်ပြီး ယင်းအနက် ၄၂ ဦးမှာ မြန်မာနိုင်ငံသားများဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ငါးဖမ်းသင်္ဘောနစ်မြုပ်မှုအခြေအနေကို မြန်မာသံရုံးက ရုရှားအရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်မေးမြန်းခဲ့ရာ သတင်းအတည်ပြုခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)


**CLAIMS DAY NOTICE**

**M.V TRANS FUTURE-2 VOY:NO (221)**

Consignees of cargo carried by M.V TRANS FUTURE-2 VOY:NO (221) are here by notified that the vessel will arrive on about 5-4-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00)AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

**CLAIMS DAY NOTICE**

**M.V HOEGH CHENNAI VOY:NO (11)**

Consignees of cargo carried by M.V HOEGH CHENNAI VOY:NO (11) are here by notified that the vessel will arrive on about 6-4-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

JEWEL HOTEL
Yangon



ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်၊

No.150(D), Corner of University Avenue & Kabaaye Pagoda Road, Bahan Township, Yangon, Myanmar.
Tel : 95 1 541051, 541503, 549345 Fax : 95 1 543174
E-mail : jewelhotel@mptmail.net.mm

Wedding Palace
ONE STOP WEDDING SERVICES CO., LTD.

SHWE MIN THAMEE Footwear

MOE KO OO & GROUP
Wedding dress, Photo & Video
09 51 55345

မြန်မာနှစ်သစ်ကူးနှစ်ဆန်း(၁)ရက်နေ့မှစ၍မင်္ဂလာဆောင်ကြမည့် မင်္ဂလာမောင်နှံများအတွက် ရင်ခုန်ဖွယ်ရာအထူးအစီအစဉ်

ဧပြီ(၁)ရက်မှ(၇)ရက်အတွင်း Wedding Palace One Stop Wedding Services Co;Ltd တွင်ကြိုတင်လာရောက်၍ မင်္ဂလာပွဲအပ်နှံကြသော မင်္ဂလာမောင်နှံများအတွက်နှစ်သစ်ကူးအထူးအစီစဉ်အဖြစ် မင်္ဂလာဝတ်စုံများကို

**50% Discount**

လျှော့ချပေးသွားမည်ဖြစ်ပါသည်။ Pre Wedding Package များကိုလည်း Special Price များဖြင့်စီစဉ်ထားပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Contact :09 799628990,09 799628992,09 799628993
Facebook Page :Wedding Palace One Stop Wedding Services Co:Ltd.com
Address :No.20,Building (c),Mya Yeik Nyo Royal Hotel Campus, Pearl Road, Bahan Township, Yangon

# သာကေတ-သုဝဏ္ဏ ငမိုးရိပ်ချောင်းကူးတံတား ဧပြီလကုန်ပြီးရန်လျာထား



**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး လက်ရှိ သာကေတမြို့နယ်နှင့် သုဝဏ္ဏ မြို့နယ်တို့အကြား တည်ဆောက်ထားသည့် တံတားနှင့်အပြိုင် တည်ဆောက်လျက်ရှိသည့် ငမိုးရိပ်ချောင်းကူးတံတားသစ်ကို ဧပြီလကုန်ပိုင်းတွင် အပြီးတည်ဆောက်သွားရန် လျာထား ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်း၊ တံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ဒီတံတားကို ဧပြီလကုန် အပြီးတည်ဆောက်သွားဖို့ မျှော်မှန်းဆောင်ရွက်နေပါတယ်။ မိုးမကျမီ အပြီးဆောင်ရွက်လာနိုင်မယ်လို့ထင်ပါတယ်။ ချဉ်းကပ်တံတားလုပ်ငန်းအတော်များများပြီးစီးနေပြီဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

အဆိုပါတံတားသည် အရှည် ၄၀၅ မီတာရှိပြီး ရေလမ်းကင်းလွတ်အမြင့် ၁၆ ပေနှင့် ၅ လက်မရှိသည်။ အကျယ် ၁၁ ဒသမ ၅ မီတာရှိသည်။ ယာဉ်လမ်းအကျယ် ၈ မီတာရှိပြီး လူသွားလမ်းအကျယ် ၃ မီတာရှိကြောင်းသိရသည်။

ယခုအခါ အဆိုပါတံတားသည် ချဉ်းကပ်တံတားများ၊ သံပေါင်များတပ်ဆင်ခြင်း၊ ရေလယ်ရှိဘိုးပိုင်များစိုက်ထူခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါတံတားပြီးစီးသွားပါက တံတားနှစ်စင်း အပြိုင်ဖြစ်လာ၍ ယာဉ်ကြောရှုပ်ထွေးမှု သက်သာစေရန် အသွားလမ်းနှင့် အပြန်လမ်းအဖြစ်အသုံးပြုဖွယ်ရှိသည်။

လက်ရှိအခြေအနေတွင် ယင်းကဲ့သို့အပြိုင် တည်ဆောက်ထားသည့် တံတားနှစ်စင်းမှာ ဘုရင့်နောင်လှိုင်သာယာ တံတားများဖြစ်သည်။ ယင်းတံတားများကို အသွားလမ်းနှင့် အပြန်လမ်းဟူ၍ အသုံးပြုလျက်ရှိသည်။

**သတင်း-ကြဲတိုင်းအောင်၊ ဓာတ်ပုံ-သဏ္ဍ**

# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ တောင်သူများအား လျော်ကြေးငွေပေးအပ်

**မော်လမြိုင် ဧပြီ ၃**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကြီးမှူးကျင်းပသည့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ၃၅ မိုင် အစားထိုးအဆင့်မြင့် လဲလှယ်ရေးစီမံကိန်း (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ် ပိုက်လိုင်း လမ်းကြောင်းထိုးခြင်းလုပ်ငန်းကြောင့် ပျက်စီးသွားသော သီးနှံပင်များအတွက် လျော်ကြေးပေးခြင်းအခမ်းအနားကို မတ် ၃၀ ရက်က မော်လမြိုင်မြို့နယ်ရှိ ခြောက်မိုင်- ကွဲခြိကုန်းရပ်ကွက်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဖွဲ့စည်းပေးထားသော သီးနှံလျော်ကြေးပေးချေရေးကော်မတီအဖွဲ့ဝင်များ၊ ခြောက်မိုင်-ကွဲခြိကုန်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ သီးနှံပင်များ ပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူငါးဦးတက်ရောက်ပြီး စွမ်းအင်ဝန်ကြီးဌာနမှ ကြီးကြပ်ရေးအင်ဂျင်နီယာဦးဌေးလွင်နှင့် ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးမြင့်နိုင်တို့က စုစုပေါင်းလျော်ကြေးငွေကျပ် ၆၉ သိန်းကျော်ကို သီးနှံပျက်စီးဆုံးရှုံးခံရသည့် တောင်သူငါးဦးကို တစ်ဦးချင်း ခွဲဝေပေးအပ်ခဲ့သည်။

အလားတူ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ်တွင် မတ် ၃၀ ရက်က တောင်သူခြောက်ဦးကို လျော်ကြေးငွေကျပ် ၁၀၁ သိန်းကျော်ကို လည်းကောင်း၊ သံဖြူဇရပ်မြို့နယ်၌ တောင်သူ ၃၇ ဦးအတွက် လျော်ကြေးငွေကျပ် ၉၁၂ သိန်းကျော်ကို လည်းကောင်း၊ ဒုတိယအကြိမ်၌ တောင်သူ ၁၃ ဦးအတွက် လျော်ကြေးငွေကျပ် သိန်း ၈၀ ကျော်ကိုလည်းကောင်း၊ ကျိုက်မရောမြို့နယ်တွင် တောင်သူ ၁၃ ဦးအတွက် လျော်ကြေးငွေကျပ် ၆၅ သိန်းကျော်ကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် တောင်သူ ၁၅၃ ဦးအတွက် လျော်ကြေး ငွေကျပ်သိန်း ၁၈၀ ကျော်ကို လည်းကောင်း ပေးအပ်ခဲ့သဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် သီးနှံလျော်ကြေးငွေကျပ် စုစုပေါင်း ၁၄၁၁ သိန်းကျော်တို့ကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၁၀၇)

# အရေးပေါ်သုံး မြန်မာ့တိုင်းရင်း ဆေးသေတ္တာပေးအပ်

**ပုဏ္ဏားကျွန်း ဧပြီ ၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာပေးအပ်ပွဲကို ဧပြီ ၁ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး တက်ရောက်ပြီး ကျေးရွာ ၁၅၃ ရွာမှ မြို့နယ်ဆေးသေတ္တာကိုင် တာဝန်ခံ ၁၅၃ ဦးအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ ပထမအကြိမ် ဆေးသေတ္တာပေးအပ်ပွဲတွင် ကျေးရွာပေါင်း ၄၀ကို ပေးအပ်ခဲ့ပြီဖြစ်သည်။ **သူ(ပုဏ္ဏားမြီ)**

## ပြည်တွင်းသတင်း

### သတင်းတိုများ

## စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့ကရိတ်ခရိုင်ရုံးတွင် စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၈ ရက်နှင့် ၂၉ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကော့ကရိတ်မြို့နယ်နှင့် ကျိုက်ဒုံမြို့နယ်များမှ စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများ၊ လက်ထောက်စာကြည့်တိုက်မှူးများ တက်ရောက်ကြပြီး စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာအုပ်စာစောင်များ စာရင်းရေးသွင်းခြင်း၊ မျိုးတူစုပြုစုနည်း၊ စာအုပ်စာစောင်များထိန်းသိမ်းခြင်း၊ စာငှားလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

## ကင်းထောက်လူငယ်၊ ကြက်ခြေနီနှင့် မီးသတ်သင်တန်းဆင်း

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နွေရာသီကင်းထောက်လူငယ်၊ အခြေခံကြက်ခြေနီနှင့် အခြေခံမီးသတ်သင်တန်းဆင်းပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း ပြဒါးလင်းခန်းမ၌ ဧပြီ ၁ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကင်းထောက်၊ အခြေခံကြက်ခြေနီနှင့် မီးသတ်သင်တန်းတွင်ဆုရသူများကို တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၃၁ ရက်က ကျင်းပခဲ့ပြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၆ အုပ်စုမှ မိုးပွင့်အထူးစီမံချက်ဖြင့် ဆောင်ရွက်ထားသော ကတ်ပြား ၂၈၅၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းအောင်ဆန်းသူရိယအေးချိုခန်းမတွင် မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါး၊ တားမြစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်သုံးစွဲခြင်းမရှိစေရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၃၁ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် တာဝန်ရှိသူများမှ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ရှားရန်၊ ဆေးဆိုင်များတွင် စိတ်ကြွဆေးဝါးများ လုံးဝမရောင်းရန်၊ ယာဉ်မောင်းများက ယာဉ်ကိုစစ်ဆေးရန်၊ သောက်စားမူးယစ်ပြီး မမောင်းနှင်ကြရန်၊ ယာဉ်တိုက်မှုဖြစ်ခဲ့ပါက ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(iprd)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်တွင် မိုးပွင့်(အထူး)စီမံချက်ကို မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ရွာအရောက်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၉ရက်က ကြူဆော့ကျေးရွာအုပ်စုမှ ကျေးရွာသူကျေးရွာသားများကိုယ်စား တိုင်းရင်းသူတစ်ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**

UNIQUE STAR TRAVELS & TOURS
တောင်ကြီး၊အင်းလေး၊ကလော Apr: 11,12,13,18 (185,000)
တောင်ကြီး၊ ပုဂံ Apr: 12 (250,000)
ပုဂံ(စွယ်တော်လေးဆူ)ပုပ္ပါး Apr:12,13 (185,000)
ပုဂံ-မန္တလေး၊ ပြင်ဦးလွင် Apr:12,13 (185,000)
ပုဂံ၊ ရွှေစက်တော် Apr: 12,13 (185,000)
ချောင်းသာ Apr:8 (Hotel Max) (90,000) / ငွေဆောင် Daily (80,000)
ငပလီ Daily (Merciel Hotel & Resort) (280,000)
No. (70/A), Kabaaye Pagoda Rd, Bahan Tsp. Phone: 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 860 4964, 860 4965, 860 4966, 09 514 8079.

MH မဟာခိုင်း ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း
- သင်္ကြန်-ထိုင်း-ကမ္ဘောဒီးယား-သီရိလင်္ကာ အထူးခရီးစဉ်များ Apr -11, 12 ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
NOK Airlines သင်္ကြန် Apr 11,12 YGN-BKK-YGN (၇) ရက်လက်မှတ် ဝယ်ယူနိုင်ပါသည်။ ထိုင်းဗီဇာ ဆောင်ရွက်ပေးပါသည်။
အပတ်စဉ်ပုံမှန် (၃) ရက်ခရီး
ဘန်ကောက် - မြဘုရား - အယုဒ္ဓယဈေးဝယ် Mar 27
ကမ္ဘောဒီးယား - အန်ကောဝပ် Fri သွား Sun ပြန် May 01
ဘန်ကောက် မြဘုရား။ ရွှေဘုရား။ အယုဒ္ဓယ၊ ပတ္တရား။ ချင်းမိုင်၊ ချင်းရိုင်။ မယ်ဆိုင်၊ ရွှေတြိဂံ ဘုရားဖူးဈေးဝယ်
သီရိလင်္ကာ ကန္ဒီဗုဒ္ဓမြတ်စွယ်တော် ၊ အနုရာဓပူရမူလဗောဓိပင် ၊ ကိုလံဘို၊ ကလျာဏီသိမ်၊ ဂင်္ဂါရာမ၊ မဟိယင်္ဂဏ ပေါလောနာရုဝ၊ အာလုဝိဟာရ၊ မဟိန္ဒလေ့၊ မဟာစေတီ၊ ထူပါရာမ၊ ကာလုတ္တရ၊ အမ္ဗုလလ္လီကဏ္ဍ May 01
ရန်ကုန် -(၃၈)၊ ၉လမ်း/ ၁၁၅၊မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ဖုန်း - ၂၂၇၃၂၂
မန္တလေး -၄၁၄၊ ၈၂ လမ်း၊ ၃၂ × ၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း - ၀၉ ၉၁၀၁၉၅၃၆၊ ၀၂ ၃၄၆၇၄
မော်လမြိုင် - အမှတ် (၄၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာရပ်၊ ဖုန်း - ၀၉ ၈၇၀၁၆၈၀၊ ၀၉ ၄၉၈၀၀၂၈၆၊ ၀၉ ၄၉၂၉၇၁၇၆၊ ၀၉ ၇၃၂၀၅၈၉၀
ကဆုန်ညောင်ရေသွန်းပွဲတော် စာရင်းပေးသွင်းနိုင်ပါသည်။

Vehicle Tracking System (Real Time/Offline)
Complete with GPS + Map
Update များ အမြဲပြုလုပ်နေသော GIS Map
မော်တော်ယာဉ်များ သွားလာခဲ့သည့် လမ်းကြောင်း ရပ်နားခဲ့သည့် နေရာနှင့် ကြာချိန်၊ စတင်ရပ် နားချိန်၊ အမြန်နှုန်း၊ ဆီကီလိုတို့ စနစ်ဖြင့် ချက်ချင်း သိရှိနိုင်မည်။ Real Time သုံးလျှင်ကား ရောက်နေသည့် နေရာကို အချိန်နှင့်တပြေးညီ လိုက်ကြည့်နိုင်၍ကား သွားခဲ့သည့်လမ်းကြောင်းကို လည်းပြန်လည် ကြည့်နိုင်မည်။ လက်ရှိ ဖြစ်ပေါ်နေသော Outlet အပြင် ထပ်မံ ဖြည့်စွက်နိုင်ရန် Outlet Data အမည်၊ ဓာတ်ပုံ၊ ဆက်သွယ်ရန် အသစ်များကို ပုဂ္ဂိုလ်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ ရောင်းချသည့်ကုန်ပစ္စည်း နှင့် GPS Point များပါ ရပါပြီ။
etrex 10 / Real Time
ကျွန်တော်က ထားဝယ် လူထုအခြေပြုအဖွဲ့အစည်း (CSO) ကပါ GPS ကိုမြေတိုင်းတဲ့နေရာမှာ အဓိကသုံးပါတယ်။ ယခင်က လယ်ကွက်များကို တိုင်းဖို့အတွက် ကြိုးများနဲ့ လှည့်ပတ်တိုင်းရလို့ လူပင်ပန်း၊ အချိန်ကုန် ဖြစ်ခဲ့ရပါတယ်။ DPS မှ GPS များ ဝယ်ယူပြီး တိုင်းတာမှ မိနစ်ပိုင်းပဲ အချိန်ကုန်ပြီး၊ လူသက်သာလို့ အခြားအလုပ်တွေ ပိုလုပ်နိုင်ပါတယ်၊ ကျွန်တော်အရမ်းကြိုက်တာ တစ်ခုက လူရော GPS ပါ ရေထဲပြုတ်ကျတာ GPS ထဲ ရေလုံးဝမဝင်ပါဘူး။ အဲဒါကြောင့် DPS မှ GPS အလုံးရေများစွာ ဝယ်ယူပြီး ကျယ်ကျယ် ပြန့်ပြန့် လုပ်ဆောင်နေပါတယ်။
ဦးစောတမိုးကရင်
(CSO) လူထုအခြေပြုအဖွဲ့အစည်း
165, 35th St, Kyauktada Township, Yangon, Myanmar.
Tel: 204020, 245230, 700541, 095030177
Email: admin@dpsmap.com
Website : www.dpsmap.com

သင်္ကြန်မှာလန်းဖို့ အလှဆုံးဖြစ်ပြီလား ....!
ဒလ္လာရီ
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝမကျွတ်စေရ
Ph: 09-73048685
■ ရေစိုခံဆေးဗယောင်းထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂-နှစ်အာမခံ
■ ဆံပင်ဖြောင့် (15000/-Ks)
စိတ်ကြိုက်ကာလာဆိုး (5000/-Ks)
မျက်နှာပေါင်း၊ ကာလာ၊ ပုလဲ၊ သင်္ကြန်လက်ဆောင်
ရွှေတိဂုံဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)ဒဂုံပန်းခြံအတွင်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၈၅၆၅၊ Hon-da Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်ထွန်း ၁၀/မဒန(နိုင်)၁၉၄၆၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (မော်လမြိုင်မြို့)

ပြည်တွင်းသတင်း

# သုံးစွဲသူဦးရေများပြားလာ၍ အင်တာနက်နှင့်ဖုန်းလိုင်း ဗန်းမော်မြို့ခံတို့ အခက်တွေ့နေ

**ဗန်းမော် ဧပြီ ၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့တွင် ရပ်ကွက်ပေါင်း ၁၃ ခု အထက်တန်းကျောင်း ငါးကျောင်းနှင့် တက္ကသိုလ်သုံးခုရှိရာ မြို့ခံပြည်သူနှင့် ကျောင်းသား ကျောင်းသူများ အက်တာနက်သုံးစွဲမှုနှင့် ဖုန်းလိုင်းသုံးစွဲမှု အခက်အခဲရှိနေသည့်အပြင် ဌာနဆိုင်ရာများလည်း အင်တာနက်သုံးစွဲမှု မပြေလည်ကြောင်း၊ အင်တာနက်လိုင်း မြှင့်တင်ခြင်းနှင့် တာဝါတိုင်များ တိုးချဲ့တပ်ဆင်ခြင်းဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း မြို့ခံများက ပြောဆိုလျက်ရှိသည်။

"မြို့ထဲနဲ့ကမ်းနားမှာ အင်တာနက်လိုင်း လုံးဝမကောင်းဘူး၊ ဖုန်းလိုင်းဆိုရင် GSM လိုင်း မရဘူး၊ CDMA 450 တစ်ခုပဲ ဆက်လို့ရတယ်။ တစ်နှစ်ကျော်ပြီ အခုလိုဖြစ်တာ။ ဒီမြို့က အင်တာနက်ဆိုင်သုံးဆိုင်မှာ တစ်ဆိုင်ပဲ ကျန်တော့တယ်။ တစ်လကို 512 KB ဆိုရင် ငွေကျပ် ၁၇၀၀၀ မြန်မာ့ဆက်သွယ်ရေးကို ဆောင်ရတယ်။ 1MB ဆိုရင် ငွေကျပ် ၂၀၀၀၀ ကျော် ဆောင်ရတယ်။ ဆက်သွယ်ရေးဟာ ဒီမြို့အတွက် အရေးကြီးပါတယ်။ ဟိုတယ်သုံးခုရှိတော့ နိုင်ငံခြားခရီးသွားတွေလာတယ်။ အင်တာနက်လိုင်း မကောင်းဘူး၊ ဆက်သွယ်ရေး မကောင်းဘူး၊ သူတို့အတွက်လည်း အခက်အခဲရှိတယ်။ လက်ရှိပို့လွှတ်နေတဲ့ E1 နှစ်လိုင်းအစား ငါးလိုင်း တိုးချဲ့နိုင်ရင် မြို့လူထုအတွက် အဆင်ပြေနိုင်မယ်"ဟု မြို့ခံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။



အင်တာနက်သုံးစွဲရာတွင် ည ၁၂ နာရီ နောက်ပိုင်းနှင့် နံနက်ခင်းပိုင်း အထိသာ အများသုံးစွဲမှုမရှိသော အချိန်များ၌ လိုင်းအားကောင်းတတ်ကြောင်း၊ လွယ်ဂျယ်ကားလမ်းဖြစ်သော လေးမိုင်မြို့ပြင်တစ်ဝိုက်သာ အင်တာနက်လိုင်းကောင်းကာ မြို့တွင်းနှင့် အနိမ့်ပိုင်းရပ်ကွက်များ၊ ဗန်းမော်တက္ကသိုလ်ဧရိယာ၊ ဗန်းမော်ဆိပ်ကမ်းတစ်လျှောက် အင်တာနက်နှင့် ဖုန်းလိုင်းများ မကောင်းကြောင်း သိရသည်။

"၂၀၁၂ ခုနှစ် နောက်ပိုင်းမှာ အသုံးပြုနေတဲ့ ADSL လိုင်းပြတ်သွားတယ်။ ၂၀၁၃ ခုနှစ်မှာ ဒီမြို့က အသုံးပြုတဲ့ အင်တာနက်လိုင်း ၂၄ လိုင်းကနေ အခု ၄၈ လိုင်းရှိနေပြီ။ အားလုံး ပြည့်ပြည့်ဝဝသုံးလို့မရကြဘူး။ ဌာနဆိုင်ရာတွေလည်း အခက်ကြုံနေရတယ်။ ဗန်းမော်မြို့မှာ GSM လိုင်း သုံးခွင့်ရတာ သုံးနှစ်ကျော်ပြီ၊ ဒီနေ့ထိ လိုင်းမကောင်းဘူး။ မြို့ထဲမှာ GSM က 2G ပေါ် ပြီး 3G မတက်ဘူး။ CDMA က မြို့ပြင်ရောက်မှ 3G တက်တယ်။ ကျောင်းသားတွေလည်း အဆင်မပြေကြဘူး။ ဧရိယာတိုင် အသစ်စိုက်ဖို့လိုသလို အင်တာနက်လိုင်းအားကောင်းပြီး မြှင့်တင်ပေးဖို့လည်း လိုနေပါတယ်" ဟု ဗန်းမော် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားတစ်ဦးက ပြောသည်။

ဗန်းမော် ကွန်ပျူတာတက္ကသိုလ်တွင် IP STAR အသုံးပြု၍ ကျောင်းဝင်းအတွင်း အသုံးပြုရန် ဝိုင်ဖိုင်လွှင့်ထားသော်လည်း မိုးကြိုးလွှဲတပ်ဆင်ထားရ၍ မိုးရာသီနှင့် ရာသီဥတုဆိုးရွားသောအချိန်တွင် လိုင်းပိတ်ထားရကြောင်း၊ ကျောင်းဝင်းအပြင်တွင် အင်တာနက်လိုင်း အခက်အခဲရှိနေပြီး ကျောင်းသားများအတွက် ဖိုင်ဘာလိုင်းတပ်ဆင်နိုင်ပါက သင်ကြားမှုပိုင်းကိုလည်း များစွာအထောက်အကူဖြစ်နိုင်ကြောင်း အဆိုပါတက္ကသိုလ်မှ ဒေါက်တာဆင့်ဆင့်အောင်က ပြောသည်။ **သန်းထိုက်(လှိုင်သာယာ)**

---

# ချောင်းကူးတံတား ဆောက်လုပ်

**ဝါးခယ်မ ဧပြီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မြဂိုးလေးကျေးရွာအုပ်စု ဒေါ်မြိုင်ချောင်းကူးတံတား ဆောက်လုပ်မည့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ်လနောက်ဆုံးပတ်က ကျင်းပရာ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်း၊ ဝါးခယ်မမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ပန္နက်ရိုက်ပေးသည်။

အဆိုပါ ဒေါ်မြိုင်ချောင်းကူးတံတားမှာ(၅၀×၈×၁၂) ပေ၊ သံကူကွန်ကရစ်တိုင် (၆×၁၂) ပေ၊ သံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း တံတားအမျိုးအစားဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ် သိန်း ၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း၊ မိုးထောင်ကုမ္ပဏီထည့်ဝင်ငွေကျပ် ၁၀သိန်း စုစုပေါင်း ငွေကျပ်သိန်း ၇၀ ဖြင့် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **ဝါးခယ်မ-မြင့်ဦး**

---

# ဆိုလာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာအုပ်စု တက်ရှိန်း၊ တက်သိမ်းနှင့် ရွာသာကျေးရွာတို့၌ ဧပြီ ၁ ရက်က ဆိုလာလျှပ်စစ်စနစ်ဖြင့် ရွာလုံးကျွတ်မီးလင်းရေးအခမ်းအနားကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန် တက်ရောက်သည်။

တက်ရှိန်းကျေးရွာတွင် ၃၁၇ အိမ်နှင့် တက်သိမ်းကျေးရွာတွင် ၃၅၂ အိမ်၊ ရွာသာကျေးရွာတွင် ၁၉၇ အိမ် စုစုပေါင်း အိမ်ခြေ ၉၆၆ အိမ်ရှိပြီး အဆိုပါ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို Innovative Consulting & Tecnological Services (ICTS) ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၄၀၆)**

# စေတနာ့ဝန်ထမ်းလူငယ်သင်တန်းဖွင့်

တနင်္သာရီတိုင်းဒေသကြီး ပြည်နယ်လူမှုဝန်ထမ်းရုံးများမှကြီးမှူး၍ လူမှုကာကွယ်စောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်းကို မတ် ၂၈ ရက်က လောင်းလုံမြို့နယ် (က) ရပ်ကွက် အမက ကျောင်း၌ ကျင်းပရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သည်။ သင်တန်းတွင် လူမှုဝန်ထမ်းလုပ်ငန်းကြီး (၈)ရပ်၊ ပြည်သူလူထုအသိပညာပေး၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်းများ၊ အမျိုးသား/ အမျိုးသမီးသဘောသဘာဝ ကျန်းမာရေးကဏ္ဍများ၊ ကလေးသူငယ်ဥပဒေဆိုင်ရာ အသိပညာပေး၊ ကလေးစိတ်ပညာ၊ လူငယ်၊ ကင်းထောက်လုပ်ငန်းတာဝန်များနှင့် ကျောင်းသားလူငယ်အသိပညာပေး၊ လူငယ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တားဆီးရေး၊ စေတနာ့ဝန်ထမ်းအရာရှိ တာဝန်ဝတ္တရားများ၊ လူငယ်အားကစားနှင့် ကျန်းမာရေး၊ လူငယ်ထုနှင့် ရပ်ကွက်လူမှုရေးလုပ်ငန်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့နှင့် ပတ်သက်၍ ပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပေါ်စေရေးနှင့် စိတ်ကြွဆေးဝါးများသုံးစွဲခြင်း၊ ရောင်းချမှုများမရှိစေရေးတို့အတွက် ဆားလင်းကြီးမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဒုရဲမှူးတို့ဦးစီးပြီး သက်ဆိုင်ရာ နယ်မြေရဲစခန်းအသီးသီးမှ ရဲတပ်ဖွဲ့ဝင်များလိုက်ပါလျက် ဆေးဆိုင်များဖွင့်လှစ်ရောင်းချလျက်ရှိသော နယ်မြေအသီးသီးမှ ဆေးဆိုင်များအား မတ် ၃၁ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

အလားတူသင်္ကြန်ကာလများတွင် မှုခင်းများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးအစီအစဉ်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပါအဝင် သင်္ကြန်ကာလအတွင်းပြဋ္ဌာန်းထားသော ဥပဒေများ လိုက်နာရေးတို့ကိုဟောပြောခဲ့ကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

# မူးယစ်နှင့်စိတ်ကြွရှောင်ရေးပညာပေး

ပဲခူးမြို့နယ်တွင် မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းမရှိစေရေးအတွက် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို မတ် ၃၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပခဲ့ပြီး တာဝန်ရှိသူများက သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးများ၊ စိတ်ကြွဆေးများသုံးစွဲမှု၊ ရောင်းချမှုများမရှိစေရေးနှင့် မှုခင်းဖြစ်ပွားမှုလျော့နည်းအောင် ဆောင်ရွက်မည့်အကြောင်းများကို အသိပညာပေးဆွေးနွေးကြောင်း သိရသည်။ **သန့်စင်**

---

နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာပြည့်အကျိုးပါ

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/ 5566၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/ 7943၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

## အများပြည်သူများသို့သိသာရန်

ကျွန်တော်များ **Golden Hawks Int'l Ltd.** သည် **India** နိုင်ငံ **Synmedic Laboratories.** မှထုတ်လုပ်ပြီး တင်သွင်းလာသော **Sildora 50mg** နှင့် **Sildora 100mg** ဆေးများသည် လိင်စိတ်ကြွဆေးများ မဟုတ်ပါ။ တရားဝင်မှတ်ပုံတင်ထားသော အမျိုးသားများပန်းသေပန်းညှိုးရောဂါကုသရန်အတွက်သုံးသောဆေးများသာဖြစ်ပြီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနမှ စမ်းသပ်စစ်ဆေးပြီး မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြန့်ဖြူးရောင်းချခွင့် **Myanmar FDA** မှတ်ပုံတင်နံပါတ်- **R 1705 A 9533** နှင့် **R 1705 A 9534** ရရှိထားပြီး ကျသင့်သောအခွန်အခများပေးဆောင်၍ ပြည်ပမှတရားဝင်တင်သွင်းပြီး၊ ဖြန့်ဖြူးနေသော ဆေးဝါးများဖြစ်ပါသည်။ အများပြည်သူတို့ထင်ယောင်ထင်မှားမဖြစ်စေရန် အသိပေးရှင်းလင်းအပ်ပါသည်။

**Golden Hawks Int'l Ltd.**
အမှတ်-၁၅၊ ၈၈-လမ်း၊ (ကန်တော်ကလေး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Ph: 370097, 370104, 370373, 370368, 09-73169830, 09-73169831**

ပြည်တွင်းသတင်း

# အော်ရီဒူးက ပြည်တွင်းဖုန်းအားလုံးကို တစ်မိနစ်ခေါ်ဆိုခ ငွေကျပ် ၂၀ သို့ လျှော့ချ

**ရန်ကုန် မေ ၃**

အော်ရီဒူးမှ သုံးစွဲသူများအတွက် တစ်မိနစ်လျှင် ငွေကျပ် ၂၀ သာ ကျသင့်မည့် RED အစီအစဉ်ကို မေ ၂ ရက်မှ စတင်သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မေ ၁ ရက်က ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ မိတ်ဆက်သည်။


သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အော်ရီဒူးသည် ကာတာနိုင်ငံ အခြေစိုက် ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ကွန်ရက်ဖြန့်ကြက်မှုကို ပြီးခဲ့သည့် ဩဂုတ်လက စတင်မိတ်ဆက်ထားသည်။ ဖုန်းခေါ်ဆိုခကို စက္ကန့်လိုက်ကောက်ခံသည့် စနစ်ကျင့်သုံးပြီး သရီးဂျီကွန်ရက်ပြည့်ဝစွာ ပေးနိုင်ပြီဟု အော်ရီဒူး(မြန်မာ)၏ စီအီးအို မစ္စတာရော့စ်ကော့မန့်က ပြောသည်။

သုံးစွဲသူများအတွက် မဟာသင်္ကြန်နှစ်သစ်ကူး အစီအစဉ်တစ်ရပ်အဖြစ် မေ ၂ ရက်မှ စတင်ကာ 5555 နံပါတ်သို့ RED ဟု အခမဲ့ ပေးပို့ကာ ၁၅ ရက်ခန့် တစ်မိနစ်လျှင် ငွေကျပ် ၂၀ ဖြင့် ဖုန်း စတင်အသုံးပြု ခေါ်ဆိုနိုင်ပြီဖြစ်သည်။

"ဈေးနှုန်းကို အားလုံးသုံးစွဲနိုင်တဲ့ နှုန်းထားဖြစ်အောင် လုပ်ဆောင်ထားပါတယ်။ အဲဒီအတွက် စာရင်းပေးသွင်းခကို တစ်လစာ ငွေကျပ် ၅၀၀ ကောက်ခံပါမယ်။ ဖုန်းအများကြီးခေါ်တဲ့သူတွေအတွက် အကျိုးရှိစေမယ်။ ပရိုမိုးရှင်းကာလအဖြစ် မေ ၂ ရက်ကနေ ၁၅ ရက်တာကာလမှာတော့ စာရင်းပေးသွင်းခ ဖြတ်တောက်ဖို့ မရှိဘူး"ဟု အော်ရီဒူးမှ တာဝန်ရှိသူက ပြောသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လတွင် စတင်ကာ အော်ပရေတာ လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ယင်းအချိန်က နိုင်ငံ၏ ၁၇ ရာခိုင်နှုန်းသာ လွှမ်းခြုံခဲ့သော်လည်း ယခုအခါ ၄၁ ရာခိုင်နှုန်းခန့် ပြည့်ဝသည့် သရီးဂျီကွန်ရက်များ လွှမ်းခြုံလာနိုင်ကြောင်း၊ ယခုအခါ အော်ရီဒူး၏ဝန်ထမ်း ၈၆ ရာခိုင်နှုန်းကို မြန်မာလူမျိုးများအား ခန့်အပ်ထားနိုင်လာပြီး အရောင်းဆိုင် ၆၀၀၀၀ ကျော် ဖွင့်လှစ်လာနိုင်ကြောင်း သိရသည်။



# အသိပညာပေးဟောပြော

**နေပြည်တော် မေ ၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို မတ် ၃၁ ရက်က ဆရာစံအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင့်က သင်္ကြန်ကာလတွင်း မူခင်းကျဆင်းရေးများ ဟောပြော၍ မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းဝင်းက မူးယစ်ဆေးဝါး၊ အရက်သေစာနှင့် စိတ်ကြွဆေးများ သောက်စားခြင်းမပြုရန် ပညာပေးဟောပြောပြီး မြို့နယ် ယာဉ်ထိန်းတပ်စုမှူး ဒုရဲမှူးမင်းသူက သင်္ကြန်ကာလတွင်း ယာဉ်အန္တရာယ်မဖြစ်ပွားစေရန်၊ ဆိုင်ကယ်ကို နှစ်ယောက်ထက်ပိုမစီးကြရန်၊ အိတ်ဇောဖြုတ်မမောင်းနှင်ရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမောင်းနှင်ကြရန် ဟောပြောကြသည်။ (ဝ၂၁)

# မူခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**မော်လမြိုင် မေ ၃**

မွန်ပြည်နယ်အတွင်း မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ပျော်ရွှင်စွာကျင်းပနိုင်ရေးအတွက် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့သည် မတ် နောက်ဆုံးပတ်က ကျိုက်မရောမြို့နယ် ကနာလိုကျေးရွာနှင့် ကွန်းရွာတို့သို့ သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် အတူ ကျေးရွာနေ ရွာသူ/ ရွာသားများက မဟာသင်္ကြန်ပွဲတော် မကျင်းပမီ မူခင်း အသိပညာပေးခြင်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ်တို့ကို အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းတင့်နှင့်အဖွဲ့သည် မဟာသင်္ကြန်ပွဲတော်မကျင်းပမီ မော်လမြိုင် ခရိုင် (၆)မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများသို့သွားရောက်၍ မူခင်းအသိပညာပေးခြင်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**ကျောက်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် Better Life Organization တို့ ပူးပေါင်းလျက် သီးနှံမျိုးစေ့ပြပွဲကို ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ မတ် ၃၀ ရက်က ကျင်းပရာ ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ မြို့မိမြို့ဖ ဦးညီတင်၊ Better Life Organization မှ ဒေါက်တာဝင်းထွဏ်တို့က ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။**

သက်ထက်



ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၏

**Gandamar Grand Ballroom** ကို

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်

Gandamar Wholesale Level (III)၌

၁-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွင့်လှစ်ပြီးပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




*အလျား ၂၀၀ ပေ × အနံ ၁၅၅ ပေ × အမြင့် ၂၀ ပေ ( ၃၁,၀၀၀ Sqft )ရှိ ခန်းမကြီးထဲတွင် မင်္ဂလာ ဧည့်ခံပွဲများအတွက်လူဦးရေ၁၂၀၀ဦး နှင့် Conference, Meeting , Seminar,Workshop,Product Launch များအတွက် လူဦးရေ ၁၄၀၀ဦး အထိ လက်ခံကျင်းပ ပေးနိုင်ပါသည်။

*Fashion Show, Live Show, Stage Show များကျင်းပနိုင်ရန် ခေတ်မီ Lighting System များနှင့် JBL Line Array Sound System အပြင် ၂၀ပေ × ၁၄ ပေနှင့် ၁၆ပေ × ၁၄ပေရှိ Large Format Display Screen ကြီး(၂)ခု တပ်ဆင်ပေးထားပါသည်။

*Dinner Party, Birthday Party, Staff Party နှင့်Gathering များလည်းကျင်းပပေးနိုင်ပါသည်။

*Myanmar, Chinese, European, Indian အစားအစာ မျိုးစုံအား စားသုံးသူ စိတ်ကြိုက် ဆောင်ရွက်ပေး ပါသည်။

*ကားအစီးရေ ၄၀၀ ကျော် ရပ်နားနိုင်သော ကျယ်ဝန်းသည့် ကားပါကင် ထားရှိပေးပါသည်။

Gandamar Wholesale Level-3, Mayangone Township, Yangon. Ph - (+95-1) 657834, 657311.
gandamargrandballroom @ gmail.com.

ပြည်တွင်းသတင်း



# ရန်ကုန်ရခိုင်ရိုးရာသင်္ကြန်ပွဲတော်တွင် ယဉ်ကျေးမှုနှင့်ကိုက်ညီသည့် ဝတ်စားဆင်ယင်မှုဖြင့်သာ ပါဝင်ခွင့်ရမည်

သတင်း - ခင်ရတနာ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် မေ ၃**

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ရန်ကုန်ကို နှစ်စဉ်ကျင်းပသကဲ့သို့ ယခုနှစ်တွင်လည်း စည်ကားစွာ ကျင်းပသွားမည်ဖြစ်သော်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လိုက်လျောညီထွေစွာ ဝတ်ဆင်ခြင်းဖြင့် ပါဝင်ဆင်နွှဲကြရန် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ သတင်းထုတ် ပြန်သည်။

ယခုနှစ်တွင် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်အတွက်မဏ္ဍာပ်များ တိုးပွားလာပြီး ၂၄ ခုခန့် တည်ဆောက်ရန် ရည်ရွယ်ထားကြောင်းနှင့် သင်္ကြန်သရုပ်ဖော်ယိမ်း၊ ရခိုင်ရိုးရာသုံးရာသီ ယိမ်းနှင့် ဆီမီးခွက်အကများ၊ ဗုဒ္ဓပူဇနီယယိမ်းများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

“နှစ်စဉ်ကျင်းပသလိုပဲ အခုနှစ်မှာ မဏ္ဍာပ်တွေတိုးလာတယ်။ ယိမ်းအဖွဲ့တွေလည်း ပိုများလာတယ်။ အားလုံးပေါင်း ယိမ်းအမျိုးအစား ရှစ်မျိုးပါဝင်ပါတယ်။ ရန်ကုန်ရောက် ရခိုင်လူမျိုးတွေအားလုံး စုံစုံညီညီနဲ့ ပါဝင်ကြဖို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရန်ကုန်မှာကျင်းပတာ(၁၂)ကြိမ်ရှိပါပြီ။အားလုံးအောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့အတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလာပါတယ်” ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားဝန်ကြီး ဦးဇော်အေးမောင်က ပြောကြားသည်။

ထို့အပြင် မေ ၁၂ရက်တွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ နံ့သာသွေးပြိုင်ပွဲများ၊ မေ ၁၃ရက် သင်္ကြန်အကြိုနေ့တွင် ဘုရားရေသပ္ပာယ်ပွဲနှင့် ရေလောင်းမဏ္ဍာပ်ဖွင့်ပွဲများကို ကျင်းပမည်ဖြစ်သည်။

သုဝဏ္ဏဘောလုံးကွင်းပတ်လမ်းတွင် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်မဏ္ဍာပ်များကို မေ ၁၃ ရက် မွန်းလွဲပိုင်းတွင် ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ယိမ်းပြိုင်ပွဲများ၊ ရေပက်ပွဲများကို ရခိုင်လူမျိုးများအပြင် တိုင်းရင်းသားလူမျိုးအားလုံး လာရောက်ဆင်နွှဲကြပါရန် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)မှ ဖိတ်ခေါ်ထားသည်။

# သင်္ကြန်ကာလ ပန်းခြံများသို့ အခမဲ့ဝင်ရောက်အပန်းဖြေနိုင်မည်ဖြစ်၍ ရေပက်ခံထွက်လိုသူများ အဆင်ပြေနိုင်မည်

**ရန်ကုန် မေ ၃**

မြန်မာ့ရိုးရာ အတာသင်္ကြန်ရက်များတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ပန်းခြံများကို အခမဲ့ဝင်ရောက်အပန်းဖြေခွင့်ပေးမည်ဖြစ်ခြင်းကြောင့် ရေပက်ခံထွက်လိုသူများ ပိုမိုများပြားလာနိုင်ပြီး အချိန်ပိုင်းအနားယူလိုသူများအတွက် အဆင်ပြေနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရှိရသည်။

သင်္ကြန်ရက်များအတွင်း ကန်တော်ကြီး၊ မဟာဗန္ဓုလပန်းခြံနှင့် ကန်သာယာပန်းခြံအစရှိသည့် လူစည်ကားရာ ပန်းခြံ ၅၉ ခုတွင် ပြည်သူများ ဝင်ကြေးအခမဲ့ဖြင့် လာရောက်အပန်းဖြေနိုင်မည်ဖြစ်ပြီး ယခုနှစ်မှ စတင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

“ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်းမှာ ပန်းခြံ ၆၃ခုရှိပါတယ်။ အခမဲ့အနေနဲ့ ပန်းခြံ ၅၉ခုကို နံနက် ၆ နာရီကနေ ည ၇ နာရီအထိ ဝင်ရောက်ခွင့်ပြုတာဖြစ်ပါတယ်။ ကားတွေများလာတဲ့အချိန် နေ့လယ်ဘက် အနားယူစရာနေရာတွေဖြစ်လာမှာပါ။ ဝင်ခွင့်မရတဲ့ ပန်းခြံတွေက အဆင့်မြှင့်တင်မှုတွေ ပြုလုပ်နေတဲ့အတွက်ဖြစ်ပြီး ပြည်သူ့ဥယျာဉ်၊ မြကျွန်းသာနဲ့ မြိုင်ဟေဝန်ပန်းခြံတို့ပါဝင်ပါတယ်။ ဖျော်ဖြေရေးအစီအစဉ်တွေလည်း ပန်းခြံတွေမှာ ပါဝင်မှာ ဖြစ်ပါတယ်”ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူကပြောသည်။

ထို့အပြင် ပန်းခြံများအတွင်း ဖျော်ဖြေရေးအစီအစဉ်များလည်း ဆောင်ရွက်သွားရန်ရှိပြီး မျှော်စင်ကျွန်းတွင် သင်္ကြန်ရက်များအတွင်း အိုင်းရွန်းခရော့စ်အဖွဲ့က သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

# နှစ်သစ်ကူးပိတ်ရက်များတွင် ဓာတ်ငွေ့နှင့် စက်သုံးဆီပုံမှန်ရောင်းချမည်

**ရန်ကုန် မေ ၃**

အတာသင်္ကြန်ရက်များတွင် အများပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် သဘာဝဓာတ်ငွေ့နှင့် စက်သုံးဆီ အရောင်းဆိုင်များကို ပုံမှန်အတိုင်း ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၀နှင့် မန္တလေးတိုင်းဒေသကြီးတွင် သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှစ်ဆိုင်တို့ကို ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းမှလည်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စက်သုံးဆီအရောင်းဆိုင်များကို မေ ၁၂ ရက်၊ ၁၄ရက်၊ ၁၆ ရက်၊ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှလည်း ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များကို မေ ၁၂ ရက်၊ ၁၅ ရက်၊ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည်။

**မောင်သဲဦး**



## နိုင်ငံတကာအားကစား

# အောင်ပွဲခံတေး ဟစ်ကြွေးမယ့် အက်သလက်တီကို



ဥရောပဝင်ခွင့်သေချာဖို့အတွက် ရှုန်းကန်နေတဲ့ အက်သလက်တီကိုအပါအဝင် တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ အယ်လ်မာရီယာ၊ တန်းဆင်းဇုန်ထဲ မကျဆင်းအောင် ခြေကန်ထုတ်မယ့် လီဗန်တေးတို့ရဲ့ လာလီဂါပွဲစဉ် (၂၉)ကတော့ ပြင်းထန်တဲ့ ပေါက်ကွဲမှုတွေနဲ့အတူ မေ ၄ ရက် ညပိုင်းနဲ့ ၅ ရက်နေ့တွေမှာ အသုံးတော်ခံကြပါဦးမယ်။

ကော်ဒိုဘာကွင်းမှာ သွားရောက်ကစားရမယ့် အက်သလက်တီကိုအတွက် တကယ်ဆိုရင် ဒီပွဲက ရင်ခုန်စရာမကောင်းပါဘူး။ ဒီနှစ်လာလီဂါမှာ အိမ်ကွင်းတစ်ပွဲသာရှုံးထားတဲ့ အက်သလက်တီကိုတို့အတွက် ခြေစွမ်းကျဆင်းနေတဲ့ ကော်ဒိုဘာဟာ ပြိုင်ဘက်ကောင်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အက်သလက်တီကိုရဲ့ ဆိုးရွားတဲ့ခံစစ်ကြောင်းက ပြိုင်ဘက် ကော်ဒိုဘာ တိုက်စစ်မှူးတွေအတွက် အခွင့်အရေးတွေ ရရှိသွားနိုင်ပါတယ်။ ၂၆ ပွဲမှာ ၅၁ ဂိုးသွင်းထားနိုင်တဲ့ အက်သလက်တီကို တိုက်စစ်မှူးတွေဟာ အနိုင်ဆိုတာကို ဖန်တီးပုံဖော်နိုင်သူတွေဖြစ်တာမို့ ဒီပွဲမှာ အက်သလက်တီကို ပရိသတ်တွေ အောင်ပွဲခံတေးကို ဟစ်ကြွေးကြဦးမှာပါ။

ဆီဗီလာနှင့် ဘီဘာအိုတို့က ပြိုင်ဘက်ကောင်းတွေဖြစ်တဲ့အပြင် လက်ရှိခြေစွမ်းကလည်း တူညီနေတာမို့ အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲဖြစ်ပါလိမ့်မယ်။ ဆီဗီလာကို ဘယ်လိုကစားရမယ်ဆိုတာ သိရှိထားတဲ့ ဘီဘာအိုတို့က အစဉ်အလာအရ နိုင်ပွဲရအောင်တော့ အားထုတ်ပါလိမ့်မယ်။ ဆီဗီလာရဲ့ ဒီနှစ်လာလီဂါမှာ စွမ်းဆောင်မှုကိုကြည့်ရင် အိမ်ကွင်းရှုံးပွဲမရှိအောင် ကစားနိုင်သူဖြစ်ပါတယ်။ ဒါပေမယ့် ဆီဗီလာ ခံစစ်ကြောင်းက ကျိုးပေါက်နေတာမို့ ဘီဘာအိုတို့ တွန်းတွန်းတိုက်တိုက်နဲ့ ကစားရင် အခြေအနေကောင်းနိုင်ပါတယ်။ ရုန်းအားတူညီတဲ့ နှစ်သင်းမို့ ဒီပွဲရဲ့ရလဒ်ဟာ သရေတစ်မှတ်ဆိုရင် မျှတတယ်လို့ သတ်မှတ်ရမှာပါ။

နှစ်သင်းစလုံး တိုက်စစ်ဖွင့်ပြီး အပြန်အလှန် ဖိအားပေးကြမယ့်ပွဲကတော့ အယ်လ်မာရီယာနဲ့ လီဗန်တေးတို့ပွဲပါပဲ။ အယ်လ်မာရီယာနဲ့ ကစားတိုင်း ခြေကုန်ထုတ်ရလေ့ရှိတဲ့ လီဗန်တေးတို့အခုပွဲမှာလည်း အားထည့်ကစားရဦးမှာ ဖြစ်ပါတယ်။ ပြင်းထန်တဲ့ ထိပ်တိုက်ဆုံတွေ့မှုတိုင်း လီဗန်တေးတို့ အသာစီးရခဲ့တာများပေမယ့် ပွဲကျပ်အဖြစ် ပင်ပန်းကြီးစွာ ဖြတ်ကျော်ခဲ့ရတာချည်းပါပဲ။ အဝေးကွင်းမှာကစားတိုင်း တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်တွေ တုံ့ဆိုင်းနေတတ်တာမို့ လီဗန်တေးတို့ မျှော်လင့်ချက်ကြီးကြီးထားလို့မရတဲ့ အနေအထားပါ။ ဒီပွဲလည်း အမှတ်ခွဲယူပြီး ကန့်လန့်ကာချရမယ့်ပွဲ ဖြစ်နေပါတယ်။

မာလာဂါနဲ့ ဆိုစီဒက်တို့ပွဲကတော့ မှတ်တမ်းသစ်ရေးထိုးနိုင်မလား ကြည့်ရမယ့်ပွဲပါပဲ။ ဒီနှစ်လာလီဂါမှာ အဝေးကွင်းနိုင်ပွဲတစ်ပွဲမှ မရသေးတဲ့ ဆိုစီဒက်ရဲ့စွမ်းရည်က ဒီပွဲမှာ ရလဒ်ကောင်းဆောင်ကြဉ်းနိုင်မလားဆိုတာ စိတ်ဝင်စားစရာပါပဲ။ ခက်တာက ဆိုစီဒက် တိုက်စစ်မှူးတွေက အဝေးကွင်းမှာဆိုရင် ဂိုးမိုးခေါင်နေတတ်တာမို့ အနိုင်ဆိုတဲ့ မျှော်လင့်ချက်အိမ်မက် လက်တွေ့ဖြစ်လာဖို့ မလွယ်ပါဘူး။ မာလာဂါတို့ကတော့ အိမ်ကွင်းမှာ အကောင်းဆုံးပုံစံရရှိနေတာမို့ တိုက်စစ်မှူးတွေ စွမ်းရည်မထက်မြက်ပေမယ့် သုံးမှတ်အပြည့်ယူမယ့် မျှော်လင့်ချက်ထားလို့ရမယ့်ပွဲပါ။ မာလာဂါရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ဂရန်နာဒါ၊ ဗယ်လီကာနိုတို့ကို ရှုံးပြီး ကော်ဒိုဘာကိုတော့ နိုင်ပွဲရထားတာမို့ မာလာဂါကိုလည်း ယုံကြည်မှုပေးရဖို့တော့ ခက်ခက်ခဲခဲပါပဲ။ ဒါပေမယ့် ဆိုစီဒက်ရဲ့ အဝေးကွင်းရလဒ်ဆိုးကို ပြောင်းလဲပစ်ဖို့ဆိုတာကလည်း ဖြစ်နိုင်ခြေနည်းတာမို့ အားပေးတာကတော့ အိမ်ရှင်ကိုပဲ ရွေးချယ်လိုက်တာ ကောင်းပါတယ်။

**မိုးမြင့်လင်းလက် - စုစည်းသည်။**



# ယူရို ၂၁ အင်္ဂလန်မှာ ကစားလိုတဲ့ ဟယ်ရီကိန်း

ဟယ်ရီကိန်းအနေနဲ့ ဒီနှစ်နွေရာသီမှာ ဥရောပ ယူ ၂၁ အင်္ဂလန်အသင်းမှာ ကစားဖို့ ဆန္ဒရှိနေတယ်လို့ နည်းပြရှိုင်းဟော့ဆင်က ဆိုပါတယ်။ စပါး တိုက်စစ်မှူး ဟယ်ရီကိန်းဟာ လစ်သူယေးနီးယားနဲ့ ကစားတဲ့ပွဲမှာ အင်္ဂလန်အတွက် ၇၉ စက္ကန့်နဲ့ ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ တစ်ဖက်တစ်ဂိုးစီ သရေကျတဲ့ပွဲမှာ ဟယ်ရီကိန်းအနေနဲ့ အဲဒီပွဲမှာ အစပွဲ ပါဝင်ကစားခဲ့တာဖြစ်ပါတယ်။ အသက် ၂၁ နှစ်အရွယ်ရှိတဲ့ ဟယ်ရီကိန်းဟာ ဇွန်လက ၂၁ နှစ်အောက် အင်္ဂလန်အသင်း ရှုံးပွဲမရှိ ခြေစစ်ပွဲအောင်ဖို့လည်း အဓိက ကစားသမားအဖြစ် ပါဝင်ကစားခဲ့သူ ဖြစ်ပါတယ်။

# ငွေမလိုတဲ့ စတာလင်း

အသက် ၂၀ အရွယ်ရှိ တိုက်စစ်မှူး စတာလင်းက လီဗာပူးက တစ်ပတ်ပေါင် ၁၀၀၀၀၀ အထိတိုးပေးဖို့ စာချုပ်သစ်ကမ်းလှမ်းခဲ့ပေမယ့် သူ့အနေနဲ့ ငွေမလိုဘူးဆိုပြီး စာချုပ်ကမ်းလှမ်းမှုကို ပယ်ချလိုက်ပါတယ်။ သူ့အနေနဲ့ နွေရာသီအထိ စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ ကျွန်တော်က ကျွန်တော့်ဘဝတစ်လျှောက်လုံးအနိုင်ရတဲ့ ဖလားတွေသာ လိုအပ်တာပါ။ ငွေမလိုပါဘူးလို့လည်း သူကဆိုပါတယ်။ ကားတွေအများကြီးပိုင်ဖို့၊ အိမ်တွေအများကြီးပိုင်ဖို့ ကျွန်တော်မကြိုးစားပါဘူး။ ကျွန်တော်လိုချင်တာက အောင်မြင်မှုပါပဲလို့လည်း သူကဆိုပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

## ဂါရတ်ဘေးကို မန်ယူ မဝယ်ပါ

ရီးရဲမက်ဒရစ်၌ ခြေစွမ်းပြကစားနေသော ကွင်းလယ်လူ ဂါရတ်ဘေးကို မန်ယူအသင်းမှာ လာမည့်အပြောင်းအရွှေ့ကာလတွင် ဝယ်ယူမည်ဟု သတင်းများထွက်ပေါ်နေရာ မိမိအနေဖြင့် ဝယ်ယူလိုသည့် ကစားသမားစာရင်းတွင် ဂါရတ်ဘေးပါဝင်မည်မဟုတ်ကြောင်း မန်ယူနည်းပြ ဗန်းဟားလ်က ပြောကြားသည်။ မန်ယူကွင်းလယ်ကစားသမား လိုအပ်ချက်ကို ဖြည့်ဆည်းရန် လိုအပ်နေရာ လာမည့်အပြောင်းအရွှေ့ကာလ၌ ကွင်းလယ်ကစားသမားတစ်ဦးနှင့် တိုက်စစ်မှူးသစ်တစ်ဦးခေါ်ယူရန် ရှိနေသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် 4G/ 1546, TA TA ACE P/U ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းဝေ ၁၂/ ရကန(နိုင်)၀၈၇၃၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**







**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရ-B၊ မြေကွက်အမှတ်-၁၄/ဃ၆၊ မြေကွက်တည်နေရာ အမှတ်-၅၁၄/ဘီ၊ အဝေယာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန် (ဦးအောင်ခင်လှ)အမည်ပေါက် B လ/န ၃၉ (အိမ်ယာမြေသတ်မှတ်)မြေအား အမည်ပေါက်-ဦးအောင်ခင်လှ(ကွယ်လွန်)၊ ဇနီး-နော်မူးမူ(ကွယ်လွန်)၊ သမီးကြီးဒေါက်တာမော်လီအောင်ခင်လှ(ကွယ်လွန်)သဖြင့် ကျန်သားသမီးများဖြစ်ကြသော (၁)ဦးစောအယ်(လ်)ဘိုကနောင်(၁၂/ကမတ(နိုင်)၀၀၆ရ၃၆)(ဒေါက်တာမော်လီအောင်ခင်လှ၏အစ) (၂)ချာလီအောင်ခင်လှ(၁၂/ကမတ(နိုင်)၀၄၄ရ၉၈)၊ (၃)ထောရင့်သိန်းအောင်(၁၄/ပသန(နိုင်)၀၂၅၄၃၉)၊ (၄)စောထွန်းကျော်(၁၂/ကမတ(နိုင်)၀၄ရ၀၂၉) (၅)ဒေါ်သက်သက်ခိုင်(၁၂/ကမတ(နိုင်)၀၄၄၆၆၈)၊ (၆)ဦးဗစ်တာလှ(၉/မကန(နိုင်)၀၀၅၁၈၁)၊ (၇)နော်လူဒီယာလှ(၁၂/ကမတ(နိုင်)၀၀၆၅၀၂)တို့က သေစာရင်း၊ တရားရုံးကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ၊ မြေအမည်ပေါက်စာချုပ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE

WE DEFINE LIFESTYLE

# 68 RESIDENCE CONDOMINIUM

DEVELOPED BY: UNITED GP Development by GOLDEN PALACE

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးဘွားပိုင်မြေ တစ်ကေပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း







## 5 % Discount
## +
## Interior Decoration Package with fully furnished facilities

( 5th February - 12th April, 2015)
*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than **84 %** Sold Out

**အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။**

ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင် တည်ဆောက်ထားပါသည်။

CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့် အလွန်စိုင်မာသောရင်းနှီးမြှုပ်နှံမှု

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

ကြော်ငြာ

# မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်သစ်ကူးအကြိုဈေးရောင်းပွဲ

## ၄-၄-၂၀၁၅ မှ ၅-၄-၂၀၁၅ အထိ

Fashion Euphoria မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော အတာသင်္ကြန်နှစ်ကူးအကြို ဈေးရောင်းပွဲကို Fashion Euphoria ၏ အစဉ်အလာအတိုင်း အံ့သြပျော်ရွှင်ဖွယ်ဈေးနှုန်းများဖြင့် အထူးရောင်းချပေးမည်ဖြစ်ပါသည်။ ၂၀ %မှ ၈၀ % အထိ ပျော်ရွှင်စွာ ဝယ်ယူနိုင်မည့်အစီအစဉ်ကို ပါဝင်ဆင်နွှဲနိုင်ကြပါရန် မိတ်ဆွေဟောင်း မိတ်ဆွေသစ်များအား ဖိတ်ကြားအပ်ပါသည်။

**အချိန်** - နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ

**နေရာ** - အမှတ် ၅၀၂၊ သုတလမ်းထိပ်၊ ပါရမီ မီးပွိုင့်အနီး၊ ဝေဇယန္တာလမ်းမပေါ်၊ တောင်ဥက္ကလာ
ဆက်သွယ်ရန် ဖုန်း-၀၁-၅၇၀၀၂၁၊ ၀၉-၅၁၀၅၄၇၁

## အသိပေးကြော်ငြာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၈၄၄၊ မြေကွက်တည်နေရာအမှတ် (၈၄၄)၊ ဗိုလ်ချုပ်လမ်း၊ ၄၆ရပ်ကွက်၊ ဒဂုံမြောက် ဦးမန်းကိုက်ထန် ၄/ဟခန(နိုင်)၀၀၈၇၈၀ အမည်ပေါက် နှစ်၆၀ဂရန် မြေအား အမည်ပေါက် ဦးမန်းကိုက်ထန်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ဂရန်မိတ္တူ လျှောက်ထားလာရာဌာန၏ လုပ်ထုံးလုပ်နည်းအညီ ဆောင်ရွက်ပြီးဖြစ်၍ ကန့်ကွက်မှုမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ကြောင်းနှင့် မူလဂရန်မူရင်းအား ပယ်ဖျက်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် ၂၇၁/ခ မြေကွက်တည်နေရာအမှတ် ၁၉၂/ခ၊ (က) ၃လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ် အမည်ပေါက် အစိုးရမြေအား ဒေါ်ခင်မမ ၁၄/ညတန(နိုင်)၀၉၂၈၁၈ က ဦးစိုးသိမ်း(TBN-၀၀၅၉၃၃) ထံမှ ဝယ်ယူထားသော အရပ်ကတိအရောင်းအဝယ်စာချုပ်တင်ပြရန် ဂရန်အသစ်လျှောက်ထားလာရာ ဌာနမှမြေချပါမစ် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဥမ္မာမျိုးအောင် ၁၂/အစန(နိုင်) ၀၅၀၃၆၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် MA 866213 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၅၅၉၅

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်တင်တင်မိုး(၁၂/လမန(နိုင်)၀၅၃၄၅၂)၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၂၅၇၁

## အိမ်စီးကားရောင်းမည်

1. 2011 SUZUKI SWIFT, Push Start, Smart key or TV, Back Cam, Kilo 66000 **အနက်ရောင် နောက်ဆုံးနံပါတ်**
2. 2003 TOYOTA WISH, 2.0 Z Grade, Smart Key, HDD TV, Back Cam, Kilo 80000 **အနက်ရောင်** 7I/........

**-ကီလိုအမှန်ကားများဖြစ်ပါသည်။**

**ဖုန်း-၀၉-၇၃၀၅၇၀၉၂၊ ၀၉-၃၀၀၀၆၄၄၄**

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၃၄)**
**လှိုင်ကော်မြို့နယ်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၅**

ဒေါ်ခင်သက်ထား **နှင့်** ၁။ ဒေါ်တင်တင်ဌွေး
၂။ ဒေါ်တင်တင်အေး
၃။ ဦးထွန်းထွန်း
၄။ ဦးဌွေးဝင်း
၅။ ဦးအောင်ထွေး

**တရားနိုင်** **တရားရှုံးများ**

လှိုင်ကော်မြို့၊ ဒေါ်ဥချုရပ်ကွက်၊ ချ/၂၄၀(က) တွင် နေထိုင်သူ တရားရှုံးများဖြစ်ကြသော (၁) ဒေါ်တင်တင်ဌွေး၊ (၃) ဦးထွန်းထွန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ထုချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၂၃ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့သို့ လာရောက်စေ။

၂၀၁၅ခုနှစ် မတ် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချိုချိုထွန်း)**
**မြို့နယ်တရားသူကြီး၊ လှိုင်ကော်မြို့နယ်တရားရုံး**

## ဇနီးမယားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော ၆ လမ်း၊ အိမ်အမှတ် ၉ နေ ကျွန်တော်၏ ဇနီးမယားဖြစ်သူ ဒေါ်စုစုလှိုင် ၁၂/ကမတ(နိုင်)၀၆၉၇၆၉ သည် ကျွန်တော် ဦးမြင့်နိုင် ၁၂/ရကန(နိုင်)၀၆၂၀၃၀ အပေါ် လူမှုရေးအရ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကြောင့် နောက်နောင်၄င်းနှင့် ပတ်သက်သော အရှုပ်အရှင်းကိစ္စအဝဝကိုလည်း လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း။

**ဦးမြင့်နိုင်**

## ဗုဒ္ဓဘာသာဝင် လူငယ်မောင်မယ်တို့ သိဖို့မှတ်ဖို့လိမ္မာယဉ်ကျေးဖို့

- ပုံတော်စုံ မဟာဗုဒ္ဓဝင် (ရောင်စုံ+အင်္ဂလိပ်+မြန်မာ)
- ပုံတော်စုံပညာလမ်းညွှန် ဇာတ်တော်များ (ရောင်စုံ+အင်္ဂလိပ်+မြန်မာ)
- ဗုဒ္ဓဝင်အမေးအဖြေ (ပုံတော်ရောင်စုံ)

(ဗုဒ္ဓဘာသာအခြေပြုယဉ်ကျေးမှုသင်တန်းများအတွက် တိုက်ရိုက်မှာကြားပါက အထူးနှုန်း)

ရွှေကုံကော်စာပေ-၀၁ ၂၀၂၅၉၅၊ ၀၉ ၇၃၂၄၄၄၅၉
ကောင်းကျော်စာပေ-၀၉ ၇၃၀ ၈၉၀၆၃

စာအုပ်များထွက်ပါပြီ

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၃၃၆၊ မြေကွက်တည်နေရာအမှတ် (၂၂)၊သခင်အုန်းခင်လမ်း၊ ဒဂုံ/မြောက် ဦးကျော်သိန်း (MMN-၁၁၀၄၈၀) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်သိန်း ကွယ်လွန်သဖြင့် ဒေါ်စိန်စိန်ကြည် ၁၂/မရက(နိုင်)၀၉၉၅၈၃ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



ကြော်ငြာ


APEX Airlines
The Smart Way to Fly
SPECIAL SMART PACKAGE
Nay Pyi Taw
APEX Airlines ၏နေပြည်တော် - ရန်ကုန် - ထားဝယ် - မြိတ် - ကော့သောင်း လေကြောင်းခရီးစဉ်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့မှ စတင်ပြေးဆွဲမည်ဖြစ်ပြီး လေယာဉ်လက်မှတ်များကို Online မှတစ်ဆင့်သော်လည်းကောင်း အောက်ပါ တယ်လီဖုန်းနံပါတ်များမှ တစ်ဆင့်မှာယူပြီး မိမိတို့နှင့် နီးစပ်ရာ APEX Airlines လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ပါသည်။
Inclusive:
- Return Airfare
- Hotel with Breakfast
- Airport Transfer
from
100,000 Ks
USD 100
Starting From
7th April 2015
APEX Airline Public Company Limited
Ground Floor, Seasons of Yangon International Airport Hotel, Mingalardon Township (11021), Yangon, Myanmar.
Tel : 95 - 1 - 53 3300-311 Fax : 95 - 1 - 53 3312
Email : tro@apexairline.com, smkto@apexairline.com
Website : www.apexairline.com
Book Online: www.apexairline.com


Continental
The Future in Motion
" သင်္ကြန်အထူးအစီအစဉ် "
ဂျာမနီနည်းပညာဖြင့် ထုတ်လုပ်ထားသော
ဘေးကင်းလုံခြုံမှုနှင့် သက်တောင့်သက်သာအရှိဆုံး
Continental Tyre များကို (R13 Size - 40,000Ks) မှစတင်၍
(R14, R15) Size များကိုလည်း အောက်ဖော်ပြပါဆိုင်များတွင် ဈေးနှုန်းချိုသာစွာရရှိနိုင်ပါသည်။
1-4-2015 မှ 31-5-2015 ထိ (ပစ္စည်းလက်ကျန်ရှိသည်အထိသာ)
German Technology
EXCELLENCE SINCE 1871
TA RESOURCES MYANMAR (Official Distributor in Myanmar)
SHOWROOM & SERVICING : No.64(B), Kyaik Wine Pagoda Road, Mayangone Township, Yangon. Ph : 01 - 9660373
AUTOMAN (1) : No.(75/77), Upper Pansoden Road, Mingalar Taungnyunt Township, Yangon. Ph : 01 - 374953
AUTOMAN (2) : No.(331/332), Thitsar Road, 9 Quarter, South Oakkalarpa Township, Yangon.

ကြော်ငြာ


Model : R906
Operating Weight : 23 Tons
Engine Output : 105 kW/ 143 HP
Bucket Capacity : 1.2 m³ (Heavy Duty)
Low Fuel Consumption : 12 - 15 Liter per hour
LIEBHERR
906
USD $ 159,900
( All Taxes Included )
● 12 months installment payment
( Terms & Conditions Apply )
● 1 Year Maintenance Free
(Included Parts)
Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.
Contacts : 09 2501068632, 09 450055445, 09 402600766
www.facebook.com/LiebherrMyanmar
LIEBHERR


Mixing Drum Size : 3 m³ to 9 m³
Mixing Spirals + Drum : High Tensile Steel LH 37 (IMPORTED FROM GERMANY)
SUITABLE FOR ALL TRUCK CHASSIS. (UD,FUSO, HINO, VOLVO, MAN,SCANIA,MERCEDES, IVECO AND ANY OTHER CHASSIS)
Price Starting From

| | Installation in Thailand (Ex-Factory) | Installation in Yangon (Included tax and installation ) |
|---|---|---|
| 3 m³ | Euro 13,800 | Euro 20,000 |
| 5 m³ | Euro 15,000 | Euro 20,900 |
| 7 m³ | Euro 16,300 | Euro 21,500 |
| 9 m³ | Euro 20,500 | Euro 26,300 |

LIEBHERR
Octagon Automobiles & Machinery Services - The Exclusive Authorised LIEBHERR Dealer in Myanmar.
Contacts : 09 420122330, 09 250796160, www.facebook.com/LiebherrMyanmar
LIEBHERR

# ကြော်ငြာ

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးသုံးစက်ကိရိယာများ
(ခ) လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ရုံးအသုံးအဆောင်ပစ္စည်းများ

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၄-၂၀၁၅ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၉**
**သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၇၃၁၀၆၊ ၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇**

---

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ(USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | DVB-T2 Transmitter(USD) | 50 Sets |
| (ခ) | Radio FM Transmitter(USD) | 25 Sets |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၅-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလ ထက်ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

---

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၄/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) စက်နှင့်စက်အရန်ပစ္စည်းများ -Flexible Water Hose
(ခ) ကုန်ကြမ်းပစ္စည်းများ- Woven Polypropylene Bag (WPP Bag), Low Density Polyethylene(LDPE)
(ဂ) ဓာတုဗေဒပစ္စည်းများ- Hydrochloric Acid, Calcium Hypochloride (Bleaching Liquid), Sulphuric Acid

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) ဓာတုဗေဒပစ္စည်းများ -Merox Catalyst Reagent No.1 (MCR-No.1) Unicor LHS (Corrosion Inhibitor), Propylene Dichloride(PDC) Silica Gel and Fluorescent Indicator Dyed Gel, Antifoaming Agent
(ခ) စက်နှင့်စက်အရန်ပစ္စည်းများ- PCB Variable Guide Vane Amplifier, Low Voltage Manager (BDM-100), Spare Parts for Urea Hydrolyzer Feed Pump, Urea Solution Pump, MP Absorbent Return Pump & Diaphargm Disc Pack

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်-** ၂-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၅-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန၊ ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

---

ပြင်သစ်ဘာသာဆရာမ
အလိုရှိသည်
အိမ်တိုင်ရာရောက်
သင်ကြားပေးရမည်။
ဖုန်း-၀၉-၇၉၁၇၀၉၈၄၂

---

ကွန်ပျူတာစာရင်းကိုင်
အလိုရှိသည်(မ)
တရုတ်စကားပြောဆိုတတ်ရမည်။
ဖုန်း-၀၉-၇၉၁၇၀၉၈၄၂

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P(Paung Laung/Upper Yeywa) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**Tender No.01/DHPI/Machinery Spare/2015-2016**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | D.D.P |
|---|---|---|---|
| (က) | Spare Parts for Heavy Machinery | 1 Lot | Paung Laung |

**Tender No.02/DHPI/Transformer/2015-2016**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | D.D.P |
|---|---|---|---|---|
| (က) | 11/0.4kV,(1250 kVA) Transformer | 3 Nos | Myanmar | Upper Yeywa |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ Technical Proposal နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၃၀-၄-၂၀၁၅ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် ၆၀ ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၆၇-၄၁၃၈၇၄**

---

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းနှင့်ပတ်သက်၍
## အကြံပြုချက်တောင်းခံသည့်ရက်ကိုတိုးမြှင့်ကြောင်းကြေညာခြင်း

International Finance Corporation(IFC)မှ ကျွမ်းကျင်မှုအကူအညီရယူကာ ပြန်လည်ပြင်ဆင်ရေးဆွဲထားသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းအား မြန်မာ/အင်္ဂလိပ်နှစ်ဘာသာဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော www.dica.gov.mm တွင်ဖော်ပြခဲ့ပြီး ယင်းဥပဒေမူကြမ်းအပေါ် အကြံပြုသုံးသပ်ချက်များအား ၂၀၁၅ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား ပေးပို့ပါရန် အများပြည်သူသို့ အသိပေးခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် ယင်းဥပဒေမူကြမ်းအပေါ် စိတ်ပါဝင်စားသူများမှ ပိုမိုပြည့်စုံသော အကြံပြုချက်များပေးပို့နိုင်ရန်အတွက် အချိန်တိုးမြှင့်ပေးရန် တောင်းဆိုချက်အရ ၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက်အထိ တိုးမြှင့်သတ်မှတ်ပါကြောင်းနှင့် အကြံပြုချက်များကို အီးမေးလ်လိပ်စာ policylegal.dica@gmail.com သို့လည်းကောင်း၊ အောက်ဖော်ပြလိပ်စာများသို့လည်းကောင်း ပေးပို့နိုင်ပါကြောင်း ထပ်မံကြေညာအပ်ပါသည်။

| | |
|---|---|
| **ရန်ကုန်ရုံးချုပ်** | **အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖက်စ် ၀၁-၆၅၈၁၃၉** |
| **နေပြည်တော်ရုံး** | **ရုံးအမှတ်(၃၂)၊ နေပြည်တော်။** |
| | **ဖက်စ် ၀၆၇-၄၀၆၃၀၆** |
| **မန္တလေးတိုင်းဦးစီးမှူးရုံး** | **၂၆×၈၄ လမ်းထောင့်၊ ဈေးချိုအရှေ့ဘက်တိုက်တန်း၊ တတိယထပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။** |
| | **ဖက်စ် ၀၂-၆၈၆၆၆၀** |
| **ရှမ်းပြည်နယ်ဦးစီးမှူးရုံး** | **အမှတ် ၁၃၉၊ စဝ်စံထွန်းလမ်း၊ ဈေးပိုင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။** |
| | **ဖက်စ် ၀၈၁-၂၁၂၄၉၇၄** |
| **မွန်ပြည်နယ်ဦးစီးမှူးရုံး** | **အမှတ်(၄၀၁)၊ တိုးချဲ့ကမ်းနားလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။** |
| | **ဖက်စ် ၀၅၇၂၃၃၈၅** |

---

## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် (၄၂)၊ နေပြည်တော်တွင် ဆောက်လုပ်မည့် (၉၆×၃၀)ပေ Steel Structure Building တစ်ထပ်ဆောင်ရုံးခန်း(၁)လုံး ဆောက်လုပ်ရန်အတွက် အောက်ဖော်ပြပါရက်များအတိုင်း တင်ဒါခေါ်ဆိုလုပ်ငန်းအပ်နှံလိုပါသည်-

**တင်ဒါရောင်းချမည့်ရက်** - ၆-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၃၀-၄-၂၀၁၅ ရက် ၁၄း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်** - ၅-၅-၂၀၁၅ ရက် ၀၉း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာတွင် လာရောက် စုံစမ်းနိုင်ပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၄၂)**
**နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၂၃၃**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)ရှိ ထုပ်ပိုးပစ္စည်း (၉)မျိုး
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၉-၄-၂၀၁၅ ရက် ၁၆း၀၀ နာရီ
၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း- (ရုံးချုပ်)** ဖုန်း-၀၆၇-၄၀၈၀၆၈၊၀၆၇-၄၀၈၃၅၉
**အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)** - ဖုန်း-၀၁-၆၄၆၂၇၁

---

## သမ္ဗုတကမ်းခြေသင်္ကြန်တွင်း
## တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမ္ဗုတကမ်းခြေရပ်ကွက်၊ သမ္ဗုတကမ်းခြေကျောင်းတိုက်၌ လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီးနည်းအရ ကမ္မဋ္ဌာနာစရိယ ဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ တပည့်ကမ္မဋ္ဌာနာစရိယများက ခုနစ်ရက်ဝိပဿနာတရားစခန်းကို တန်ခူးလပြည့်ကျော် ၉ ရက် (၁၂-၄-၂၀၁၅) ရက်မှစ၍ ကဆုန်လဆန်း ၃ရက် (၂၀-၄-၂၀၁၅) ရက်အထိ ဖွင့်လှစ်ပါမည်။တရားစခန်းဝင်လိုသော ယောဂီများသည် ၁၂-၄-၂၀၁၅ရက် ညနေ ၅ နာရီထက် နောက်မကျစေဘဲ လာရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**သမ္ဗုတကမ်းခြေ၊ ဒလမြို့**

---

## အမည်ပြောင်း

ဦးကြင်ပွင့်-ဒေါ်စိန်တီတို့၏သား ပုဇွန်တောင်မြို့နယ်၊ အမှတ် ၁၁၁၊ လမ်း ၅၀နေ ဦးဝင်းမြင့် ၁၂/ပဘတ(နိုင်)၀၁၉၉၂၀ အား ဦးရန်နိုင်ဟုခေါ်ပါရန်။

**ဦးရန်နိုင်**

---

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့ အထက(၂) သော်ကကျောင်းတွင် နဝမတန်း ဖြေဆိုပြီးသော မယ်မိမ်းနွဲ့ပို၏ ဖခင်အမည်မှန်မှာ ဦးကိုကို ၁၄/ဘကလ(နိုင်)၁၈၃၈၇၆ ဖြစ်ပါသည်။

---

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇) ရပ်ကွက်နေ ဦးဇော်ထွန်း ၁၄/ငပတ (နိုင်)၁၁၁၂၈၇ ၏သမီး မဖြတ်သက်မွန်အားမမေလင်းမိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မမေလင်းမိုး**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အေးလွင် ၁၀/မလမ(နိုင်)၁၇၇၀၃၆ ၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၅၃၈၈၄၄**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၂၃၈၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂င/၉၃၁၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၁၆)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသူများသည် ၃-၄-၂၀၁၅ရက်မှစ၍ ၂၇-၄-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့်ပုံစံအရေအတွက်၊ တင်ဒါစည်းကမ်းချက်များအား တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် ပုံစံနမူနာများကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ် ၄၈၊ နေပြည်တော်တွင် ကြည့်ရှုနိုင်ပြီး ၂၇-၄-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁) ဖုန်း-၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ တို့သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

---

## လားရှိုးမြို့ အေးချမ်းမြေ့ပရိယတ္တိစာသင်တိုက်၏
## (ဆဋ္ဌမ)အကြိမ် သင်္ကြန်(၁၀)ရက်တရားစခန်းပွဲ
## နှိုးဆော်ဖိတ်ကြားလွှာ

၁၃-၄-၂၀၁၅ ရက်မှ ၂၃-၄-၂၀၁၅ ရက်အထိ ၁၀ ရက်တိုင်တိုင်ကျင်းပပြုလုပ်ပါမည်။ တရားအားထုတ်လိုသောယောဂီသူတော်စင်များမှ ၁၂-၄-၂၀၁၅ ရက် နောက်ဆုံးထား၍ စာရင်း ပေးသွင်းနိုင်ပါသည်။

### တရားဟောတရားပြဆရာတော်များ

၁။ ပြည်တွင်းပြည်ပ သာသနာပြု စိန်စည်ဆရာတော် ဘဒ္ဒန္တသဉ္ဇောဘာသ (ဒီဃဘာဏက)။
၂။ မဟာစည်ရိပ်သာဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဉာဏိဿရ(သာသနဓဇဓမ္မာစရိယ) ရန်ကုန်မြို့။
၃။ အေးချမ်းမြေ့ဆရာတော် ဘဒ္ဒန္တဝိစက္ခဏ (သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ)။
ဖုန်း-၀၉-၅၀၅၇၉၂၆၊ ၀၉-၅၂၇၅၃၇၄

### တစ်နေ့တာလှူဒါန်းဖွယ်ရာများ

| | | | |
|---|---|---|---|
| **အရုဏ်ဆွမ်း** | ၁၇၀၀၀၀ိ/- | **သောက်ရေသန့်** | ၅၀၀၀၀ိ/- |
| **နေ့ဆွမ်း** | ၂၃၀၀၀၀ိ/- | **စကြိုန်မဏ္ဍပ်** | ၁၀၀၀၀ိ/- |
| **အချိုပွဲဘောဇဉ်** | ၁၀၀၀၀၀ိ/- | **လျှပ်စစ်မီး** | ၅၀၀၀ိ/- |
| **အဖျော်ရည်** | ၅၀၀၀၀ိ/- | **ဆေးမျိုးစုံ** | ၅၀၀၀ိ/- |
| **ဓမ္မပူဇာ** | ၅၀၀၀၀ိ/- | | |

ကြော်ငြာ

## (၃၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်သောပါပါကြီး "ဦးစန်းသိန်း(ငြိမ်း-လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)နှင့် ချစ်သော မာမာကြီး "ဒေါ်သန်းသန်းအေး"(ရွှေလှိုင်ဦး ရတနာရွှေဆိုင်)တို့၏ ၄-၄-၂၀၁၅ ရက်တွင်ကျရောက်သော (၃၅)နှစ်ပြည့် "သန္တာရတု"မင်္ဂလာရက် မြတ်မှသည် နောင်လာမည့် ရွှေရတု၊ စိန်ရတု နှစ်ပတ်လည်ပေါင်းများစွာကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင် စွာဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သောသားသမီးများ - မောင်မျိုးမင်းသိန်း(ရွှေလှိုင်ဦးရတနာရွှေဆိုင်)**
**မောင်ဇေယျာဟိန်း-မစိုးသူဇာသိန်း(UK)**
**ဒေါက်တာကျော်စွာသိန်း**

---

**ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ မြောက်ရွှေတိဂုံကျောင်းတိုက်၊ ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာ**

## "အကြိုတရားပွဲ"

| | |
|---|---|
| **ဘဒ္ဒန္တကုဏ္ဍကာလင်္ကာရာဘိဝံသ** | **ဘဒ္ဒန္တကုဏ္ဍလောကာလင်္ကာရ** |
| **(သ·စ·အ၊ ဓမ္မာစရိယ)** | **(သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ)** |
| မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ | မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့ |
| ၁၃၇၇ခုနှစ် ကဆုန်လဆန်း ၃ ရက် | ၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၄ ရက် |
| ၂၀-၄-၂၀၁၅ရက် | ၂၁-၄-၂၀၁၅ ရက် |
| (တနင်္လာနေ့) ည ၇ နာရီ | (အင်္ဂါနေ့) ည ၇ နာရီ |
| **ဓမ္မသဘင်ဆင်ယင်ကျင်းပမည့်နေရာ** | **တရားပွဲအစီအစဉ်နှင့်ပတ်သက်၍ဆက်သွယ်မေးမြန်းလိုပါက** |
| ဟိုပင်မြို့(မြောက်ရွှေတိဂုံစေတီတော်-အနောက်ကုန်း)၊မြောက်ရွှေတိဂုံကျောင်းတိုက်ဝင်းအတွင်း | ဆရာတော်ဦးသုဇာတ၊မြောက်ရွှေတိဂုံကျောင်းတိုက်၊ဟိုပင်မြို့ |
| | **ဖုန်း-၀၉-၂၅၈၃၇၃၃၅၅၊ ၀၉-၈၁၀၄၃၇၇၈** |
| | **၀၉-၈၁၀၄၃၇၇၈** |

---

## လိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၅ ဖြင့် ထိုက်တန်စွာပေးအပ်ချီးမြှင့်ပါသော စီမံခန့်ခွဲရေးထူးချွန်ဆု (ဒုတိယဆင့်)ကို ရရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းအတွက် လှိုက်လှဲဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်၊ ပြည်သူနှင့် ဒေသအကျိုးစီးပွားများကို ယခုထက်ပိုမို၍ ဆတက်ထမ်းပိုးသယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဂုဏ်ယူဝမ်းမြောက်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ**
**တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ**
**သာယာဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ**

---

**စစ်တက္ကသိုလ် အမှတ်စဉ်(၄၁)၊ ဗိုလ်လောင်းသင်တန်း**
**(၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား၊ အလှူတော်မင်္ဂလာနှင့် မိတ်ဆုံညစာစားပွဲ**

## ဖိတ်ကြားလွှာ

အမှတ်စဉ်(၄၁)ဗိုလ်လောင်းသင်တန်းသည် အမိစစ်တက္ကသိုလ်တွင် လေးနှစ်လေးမိုး ပညာရည်နို့သောက်စို့ခဲ့ပြီး တိုင်းပြည်တာဝန် အသီးသီးကိုထမ်းဆောင်ခဲ့ရာ ၂၀၁၅ ခုနှစ် ဧပြီလ(၇)ရက်နေ့တွင် (၁၅)နှစ်မြောက်ပြည့်ခဲ့ပြီဖြစ်ပါသည်။ (၁၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျောင်းဆင်းသူငယ်ချင်းများမှ တိုင်းပြည်တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူသွားကြသော သူငယ်ချင်းများအတွက်ရည်စူး၍ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးရှိ လှူဒါန်းထားသော ကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်းနှင့် မိတ်ဆုံညစာ စားပွဲပြုလုပ်မည်ဖြစ်ပါသည်။ သို့ပါ၍ သူငယ်ချင်းအားလုံးနှင့် မိသားစုများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အလှူတော်မင်္ဂလာအစီအစဉ်**

| | | |
|---|---|---|
| **မင်္ဂလာနေ့ရက်** | - | ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၄)ရက်<br>၂၀၁၅ ခုနှစ်၊ ဧပြီ(၇)ရက် |
| **မင်္ဂလာအချိန်** | - | နံနက် ၁၀း၀၀ မှ ၁၂း၀၀ နာရီအထိ |
| **မင်္ဂလာနေရာ** | - | ဗိုလ်တထောင်စေတီတော်ဓမ္မာရုံ |

**ညစာစားပွဲအစီအစဉ်**

၇-၄-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၇း၀၀ နာရီမှ ည ၁၀း၀၀ အထိ မြရိပ်ညိုဟိုတယ် မြက်ခင်းပြင်တွင် မိတ်ဆုံစားပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

---

# ဂုဏ်ယူဝမ်းမြောက်ခြင်း

Max Myanmar Holding Company Limited အနေဖြင့် ရန်ကုန်မြို့ အထင်ကရပြည်လမ်းမကြီးပေါ်တွင် နိုင်ငံတကာ အဆင့်မီ "Novotel Yangon Max Hotel"အား ၃-၄-၂၀၁၅ ရက်၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် Max Myanmar Holding Company Limited နှင့်ထပ်တူ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း အလားတူ နိုင်ငံတကာ အဆင့်မီ ဟိုတယ်သစ်များတိုးချဲ့ဖွင့်လှစ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ဦးစောငြိမ်း၊ ဦးလှမျိုး**
**အောင်မြင်သူအုပ်စုကုမ္ပဏီလီမိတက်**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3E/1954 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1B/6501 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကြော်ငြာ

## အထူးလိုက်လံရှာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံခန့်ခွဲရေးထူးချွန်ဆု ပထမဆင့် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ပဲခူးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးဝန်ထမ်းများမှ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးဝန်ထမ်းများ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃)၊ ဦးပိုင်အမှတ်(၈၇)၊ ၆၅×၆၆ ကြား၊ ကနောင်×မဏ္ဍရာကြားရှိ တပ်ကြပ်စိန်သန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား တပ်ကြပ်စိန်သန်း ၉/ပသက(နိုင်)၀၀၅၆၄၄ မှ မြေချထားမိန့်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ဂရန်သစ်၊ အမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၅ ခုနှစ် တရားမပထမအယူခံမှု-၄၈**

ဒေါ်မျိုးစန္ဒာဝင်း(ခ) ဒေါ်မျိုးစန္ဒာလင်းပါ ၄ **နှင့်** ဦးဝင်းမောင်ပါ ၂

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ရက်စွဲပါ မန္တလေးခရိုင်နယ်တရားမရုံးတော်မှ မကြီး ၇၃/၂၀၁၃ ကို အယူခံမှု။

အယူခံတရားပြိုင် (၁)ဦးဝင်းမောင်၊ (၂)ဦးတင်ရ (လိပ်စာတူ) အခန်း ၇၊ တိုက် ၉၊ ရောထွန်းအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင် တရားရုံးကချမှတ်ပေးသည့် ဒီကရီကို ဒေါ်မျိုးစန္ဒာဝင်း(ခ) ဒေါ်မျိုးစန္ဒာလင်းပါ ၄က အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၅ ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၇ရက်) တွင် ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၅ ခုနှစ် မတ် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆၇**

ဦးစိုးလွင် **နှင့်** မဟေမာသက်

**တရားလို** **တရားပြိုင်**

မဟေမာသက် ၇၉လမ်း၊ ၃၆လမ်းထောင့်(မီးရထားသံလမ်းထောင့် ဒုတိယအိမ်) ၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

